ပမ်ကျော် ပုဂ္ဂလ် ကို ကျော်ကြီ ကို ကွယ်ကို
ပမ်ကျော် ပုဂ္ဂလ် ကို အတိ ဝ ဝ ဘ ဝ ဝ တိ — အ ဗ ျော ဝ ဝ ရ တိ —

http://www.dhammadownload.com

—အတ္ထော။ ဣဒံ ဘဝတော ယဋ္ဌ တော— မာတာပုတ္တာ ဣမိနာ—
ဂဗ္ဘပရိဟရဏဂဗ္ဘဝါသသခါတေန အသာတာဒိနာ ပုတ္တေ
နဂရရူဠ္ဍနသာတာဒိပတိရူပကေန အမ္ဘောတ္ထဌာ, ယဋ္ဌ ဣဒါနိ
သာ— ဥပါသိကာ ပုနပိ သတ္ထုဒ္ဓတ္တုံ ဒေဝရူပ အသာတံ အိပ္ပယ
ဒုက္ခ ပေမဝတ္ထုဘူတေန ပုတ္တသခါတေန သာတာဒိပတိရူပကေန
အမ္ဘောတ္ထဌာ ဟုတ္ဝာ တထာ အဝစ— တံ သတ္ထမ္ပိ သန္ဓာယ
ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

သတ္ထာ ဣမံ— ဓမ္မဒေသနံ အာဟရိတ္ဝာ ဇာတကံ
သမောဓာနေသိ "တဒါ နဂရ ရူဠ္ဍတ္ဝာ ရဇ္ဇပ္ပတ္တကုမာရော သံဝလိ
အဟောသိ၊ မာတာ သုပ္ပဝါသာ၊ ပိတာ ပန ဗာရာဏသိရာဇာ
အဟမေव အဟောသိန္တိ။

အသာတရူပဇာတကဝဏ္ဏနာ ဒသမာ။

လိတ္တဝဂ္ဂေါ ဒသမော။

တသုဒ္ဒါနံ

လိတ္တတေဇ မဟာသာရ၊ ဝိဿာသ လောမဟံသနံ။
သုဒဿန တေလပတ္တ၊ နာမသိဒ္ဓိ ကူဋဝါဏိဇ။
ပရောသဟဿ အသာတရူပန္တိ။
မဇ္ဈိမပဏ္ဏာသကော နိဋ္ဌိတော။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com

ငယ်လတ်ကြီးအတွက်

ဋီကာကျော်ပါဠိ ထွက်ပြီ၊

သာမဏေကျော် စာမေးပွဲအတွက်

ဓမ္မပဒအဋ္ဌကထာ (၀-တွဲ) ထွက်ပြီ၊

မကြာမီ ထွက်မည့်စာအုပ်

အလတ်တန်းဇာတ်

အကြီးတန်းဇာတ်

စီစဉ်ဆဲ စာအုပ်များ

ပဒရူပသိဒ္ဓိပါဠိ

ကခ်ီဝိတရဏီပါဠိ

ဓမ္မပဒအဋ္ဌကထာ (၃-တွဲ)

http://www.dhammadownload.com

၆-မုဒုလက္ခဏာဇာတ်အကျဉ်းချုပ်

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အမျိုးသမီးတစ်ဦးကို စွဲလမ်းမိ၍ သာသနာတော်၌ ငြိုးငွေ့သောရဟန်းကို ဆုံးမကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် စျာန်အဘိညာဉ်နှင့်ပြည့်စုံသော ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင် နေလေ၏။ တစ်နေ့တွင် ရသေ့သည် ချဉ် ဆား မှီဝဲလို၍ ဗာရာဏသီမြို့တွင်းသို့ ဆွမ်းခံထွက်လာရာ နန်းတော်တံခါးသို့ ရောက်လာခဲ့သည်။ မင်းကြီးသည် ရသေ့ကြီးကို တွေ့မြင်မိရာမှ ကြည်ညိုကာ နန်းတွင်းသို့ပင့်ဆောင်ကာ ဥယျာဉ်တော်၌ အမြဲသီတင်းသုံး နေထိုင်ပါရန်လည်း လျှောက်ထားလေသည်။

တစ်နေ့သ၌ မင်းကြီးသည် သူပုန်များကို နှိမ်နင်းရန် နယ်ခြားဒေသသို့ ထွက်ခွာသွားပြီး မုဒုလက္ခဏာမိဖုရားကြီးအား ရသေ့ကို ဆွမ်းမပြတ် လှူဒါန်းရန် မှာထားခဲ့သည်။ မိဖုရားကြီးသည် ဆွမ်းအာဟာရတို့ကိုစီမံကာ ရေချိုး အလှပြုပြင်ပြီး အိပ်ရာပေါ်တွင် ခဏမျှ လဲလျောင်းနေသည်။ စျာန်ဖြင့် ကြွလာသော ရသေ့၏ကိုယ်မှသက်နံ့သံကို ကြားမိသဖြင့် ရုတ်ခြည်းထလိုက်ရာ ထဘီသည် လျှောကျသွားခဲ့သည်။

လေသာပြတင်းမှဝင်လာသော ရသေ့ကြီးသည် မိဖုရား၏မဖွယ်ရာသော မြင်ကွင်းကို မြင်တွေ့လိုက်၍ "တင့်တယ်လှပါဘိ"ဟု နှလုံးသွင်းသည်။ ထိုအခါ ရသေ့ကြီး၏ကိုယ်တွင်းရှိ ကိလေသာတို့ နိုးထလာပြီး စျာန်တရားတို့သည်လည်း ကွယ်ပသွားသည်။ ရသေ့ကြီးသည် ဆွမ်းမစားနိုင်တော့ပဲ ဆွမ်းကိုသပိတ်နှင့်ယူ၍ ခြေကျင်ပြန်ခဲ့သည်။ ဥယျာဉ်ကျောင်းသို့ရောက်သော် ဆွမ်းသပိတ်ကို ကြမ်းပြင်တွင်ချထားလိုက်ပြီး ခုတင်ပေါ်၌ လျောင်းစက်လူးလဲကာ ရာဂမီး တောက်လောင်လျက် ခုနစ်ရက်တိုင် ဆွမ်းမစားဘဲ နေခဲ့လေသည်။

http://www.dhammadownload.com

မင်းကြီးသည် နယ်ခြားဒေသမှပြန်လာရာ နန်းတော်သို့မဝင်သေးပဲ ရသေ့ထံ အလျင်ဝင်ခဲ့သည်။ အိပ်ရာပေါ်၌ ကြုံလို့ခြောက်ကပ်နေသော ရသေ့ကြီးကို ဖူးမြင်ရလျှင် မင်းကြီးက မေးရာ ရသေ့က"မုဒုလက္ခဏာမိဖုရားကို စွဲလမ်းမိသဖြင့် စိတ်ဝေဒနာ ဖြစ်ရပါသည်"ဟု ဖြေလေသည်။ ထိုအခါ မင်းကြီးက ရသေ့ကြီးကို နန်းတော်သို့ ခေါ်သွားပြီး "အရှင်မြတ်အား မိဖုရားကြီးကို ပေးလှူပါ၏။ စောင့်ရှောက်ပါဟု"မှာကြားကာ မိဖုရားအား ရသေ့လက်သို့ ပေးအပ်လိုက်သည်။

နန်းတော်မှထွက်မိလျှင် မိဖုရားကြီးက ရသေ့ကြီးအား မင်းကြီးထံ၌ အိမ်တောင်းခိုင်းသည်။ ရသေ့သည် မင်းကြီးထံပြန်၍တောင်းရာ မင်းကြီးက အိမ်သာဟောင်းတစ်ခုကို ပေးခဲ့သည်။ သန့်ရှင်းရေး ဆောင်ရွက်ရန်အတွက် ပေါက်တူး၊ တစ်ဖန် တောင်းကို အယူခိုင်းပြန်သည်။ ပြီးနောက် နွားချေးသယ်ဆောင်စေ၍ နွားချေးဖြင့် လိမ်းကျံမွမ်းမံစေပြီးလျှင် ညောင်စောင်း၊ အင်းပျဉ်၊ အခင်း၊ သောက်ရေအိုးနှင့် ရေခပ်အိုးတို့ကို တစ်ခုစီ တစ်ခုစီ ယူခိုင်းလိုက်သည်။ မိဖုရားကြီးသည် ရသေ့အား သောက်ရေနှင့်ချိုးရေ ခပ်ခိုင်းပြီးနောက် အိပ်ယာခင်းခိုင်း၏။ အိပ်ယာ၌ အတူထိုင်ကြသောအခါ မိဖုရားကြီးသည် 'သင်သည် ရဟန်း၏အဖြစ် ရဟန်း၏ ချမ်းသာကို မသိသူဖြစ်သည်'ဟု ပြောဆိုကာ ရသေ့၏မုတ်ဆိတ်မွေးကို ဖမ်းကိုင်၍ ဆွဲဆောင့်လိုက်ရာ ရသေ့သည် ရှေ့သို့ကိုင်းညွှတ်၍ ကျသွားသည်။

ထိုအခါ ရသေ့ကြီးသည် သတိရသွားပြီး ကိလေသာကာမတို့၏ မိုက်မဲပုံကို သဘောပေါက်သွားသည်။ တဏှာပွားမိသော် အပါယ်တွင် နစ်မြုပ်ရမည်ကိုလည်း နားလည်လာသဖြင့် မိဖုရားကြီးကို မင်းကြီးထံ ပြန်အပ်လိုက်သည်။

ထိုခဏ၌ ရသေ့ကြီးသည် ဆုံးရှုံးခဲ့ပြီးသော ဈာန်တရားကို ပြန်လည်ဖြစ်စေလိုက်ပြီး ကောင်းကင်တွင်ရပ်လျက် မင်းကြီးအားတရားဟော၍ ဟိမဝန္တာသို့ ပြန်ကြွသွားလေသည်။

ဇာတ်ပေါင်းသော် ဗြဟ္မဒတ်မင်းသည် အရှင်အာနန္ဒာ၊ မုဒုလက္ခဏာ မိဖုရားသည် ဥပ္ပလဝဏ်ထေရီမ၊ ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

လောကီစျာန် အဘိညာဉ်နှင့်ပြည့်စုံသော ရသေ့ရဟန်းဖြစ်သော်လည်း ဝိသဘာဂဘာရုံနှင့်တွေ့ထိမိပါက စျာန်တရားများပျောက်ကွယ်နိုင်သည်။ လောကီစျာန်တရားသည် ခိုင်မြဲမှုမရှိ၊ ကိလေသာစိတ် မွေနှောက်ခံရသော ပုဂ္ဂိုလ်သည် ဒုက္ခများစွာရောက်တတ်၏။ အမှောင်တကာ့ အမှောင်တို့တွင် ကာမအမှောင်သည် အမိုက်ဆုံးဖြစ်၏။ ဘဝဒုက္ခကို ခံစားဖူးမှသာလျှင် ကာမအချုပ်ထောင်မှ လွတ်မြောက်နိုင်သည်။ ရသေ့ရဟန်းတို့မည်သည် မျက်စိစသော ဣန္ဒြေတို့ကို သတိကြီးစွာစောင့်ထိန်းသင့်၏။ စသော သင်ခန်းစာများကို ရရှိပါသည်။

၇-ဥစ္ဆင်ဇာတ်အကျဉ်းချုပ်

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒုက္ခရောက်သော ယောက်ျားသုံးယောက်၏အသက်ကို မိန်းမတစ်ယောက်၏ပညာဉာဏ်ဖြင့် ကယ်တင်ခဲ့ခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ပညာရှိမိန်းမတစ်ယောက်သည် လင်၊ သား၊ မောင်တို့နှင့်အတူ ကောသလတိုင်း ရွာငယ်တစ်ခု၌နေလေ၏။ တောလမ်းတစ်ခုတွင် လူဆိုးတစ်စုသည် ခိုးဆိုးလုယက်ကာ တောထဲသို့ ပြေးဝင်ပုန်းရှောင်သွားခဲ့ကြ၏။ မင်းမှူထမ်းတို့သည် လူဆိုးများကို လိုက်ဖမ်းကြရာ တောဝအထွက်၌ လယ်ထွန်နေသူ ယောက်ျားသုံးယောက်အား လူဆိုးများ ထင်မှတ်၍ ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြသည်။

ထိုအခါ အမျိုးသမီးကြီးတစ်ယောက်သည် "အရှင်မင်းကြီး ကျွန်ုပ်အား အဝတ်ကို ပေးတော်မူပါလော့'ဟုဆို၍ နန်းဆောင်ကို လှည့်ပတ်ပြီး ငိုကြွေးနေ၏။ မင်းကြီးသည် ထိုမိန်းမအား အဝတ်ပေးစေခိုင်းလိုက်ရာ အမျိုးသမီးက လက်မခံပဲ 'အကျွန်ုပ်သည် ဤအဝတ်ကိုမတောင်း၊ လင်နှင့်တူသော အဝတ်ကိုသာ တောင်းခြင်းဖြစ်သည်'ဟု ဆိုလိုက်၏။ မင်းမှူထမ်းများသည် ထိုအကြောင်းကို မင်းကြီး

http://www.dhammadownload.com

အား ပြန်၍လျှောက်ထားလျှင် မင်းကြီးက ထိုအမျိုးသမီးကိုခေါ်၍ 'သင်သည် လင်နှင့်တူသော အဝတ်ကို တောင်းသလော' ဟု မေးတော်မူရာ အမျိုးသမီးက 'လင်သည် မိန်းမတို့၏ အဝတ်မည်ပါသည်။ လင် မရှိသည့် မိန်းမသည် အဖိုး တစ်ထောင်ထိုက်တန်သော အဝတ်ကို ဝတ်နေရစေကာမူ အချည်းအနှီးသာ ဖြစ်ပါသည်'ဟု လျှောက်တင်လေသည်။

မင်းကြီးသည် ထိုအမျိုးသမီး၏လျှောက်တင်မှုကို သဘောကျသဖြင့် ဖမ်း ထားခြင်းခံရသူ သုံးဦးတို့နှင့် မည်သို့တော်စပ်ကြောင်းကို မေးတော်မူရာ တစ် ယောက်သည် လင်ဖြစ်၍ နှစ်ယောက်မှာ သားနှင့်မောင်ဖြစ်ကြောင်း လျှောက် တင်သည်။ မင်းကြီးက 'ထိုသုံးယောက်တို့တွင် တစ်ယောက်ကို လွှတ်ပေးမည်၊ အလိုရှိသူကို တောင်းလော့'ဟု မိန့်တော်မူသည်။ အမျိုးသမီးက 'အရှင်မင်းကြီး အကျွန်ုပ် အသက်ရှင်နေလျှင် လင်ကို ရနိုင်ပါသည်၊ သားကိုလည်း ရနိုင်ပါသည်။ အကျွန်ုပ်၏မိဘနှစ်ပါးသည် ကွယ်လွန်ခဲ့ကြပြီးဖြစ်၍ မောင်ကိုမူ မရနိုင်တော့ပါ။ မောင်ကိုသာ ပေးတော်မူပါလော့'ဟု တောင်းဆိုသည်။ မင်းကြီးသည် အမျိုးသမီး တင်လျှောက်ပုံကို နှစ်သက်လွန်း၍ သုံးယောက်လုံးကို လွှတ်ပေးလိုက်လေသည်။

ဇာတ်ပေါင်းသော် ယခင်က လေးယောက် ယခုလေးယောက်၊ ဗြဟ္မဒတ် မင်းသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

မိန်းမတို့၏အဆင်တန်ဆာသည် အဝတ်အစားများမဟုတ်၊ လင်ယောကျ်ား များသာဖြစ်သည်။ ရေမရှိမြစ်၊ မင်းမဲ့တိုင်းပြည်သည် မတင့်တယ်သကဲ့သို့ လင် မရှိသော မိန်းမသည် မတင့်တယ်။ လတ်တလောကိစ္စတွင် မိန်းမတို့၏ ဖြတ်ထိုး ဉာဏ်သည် အရာရောက်သည်။ အခက်ကြုံလာလျှင် မိန်းမတို့နှင့် တိုင်ပင်၍ ဒုက္ခဆင်းရဲမှလွတ်အောင် ကြိုးစားသင့်သည်။ ကံမကောင်းလျှင် မရည်ရွယ်ဘဲ ဆင်းရဲဒုက္ခနှင့် တွေ့ရတတ်သဖြင့် အရေးကြုံလျှင် ဖြတ်ထိုးဉာဏ်ကိုသုံးပါ စသော သင်ခန်းစာများကို ရရှိပါသည်။

http://www.dhammadownload.com

၈-သာကေတဇာတ်အကျဉ်းချုပ်

သာကေတမြို့မှ နကုလပိတာအဖိုးနှင့် နကုလမာတာအဖွားတို့သည် ဘုရားရှင်နှင့် တွေ့လျှင်တွေ့ချင်း 'သား'ဟူ၍ ခေါ်ဝေါ်လျက် ကြည်ညိုစွာ ဆည်းကပ်ကြလေရာ မြတ်စွာဘုရားက 'ရဟန်းတို့၊ ပုဏ္ဏားနှင့် ပုဏ္ဏေးမတို့သည် မိမိတို့၏ သားကိုသာလျှင် သားဟူ၍ ဆိုကုန်၏'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရဟန်းတို့ ရှေးလွန်လေပြီးသောအခါက ဤပုဏ္ဏားသည် ဘဝငါးရာလုံး ဆက်၍ ငါ၏အဖ ဖြစ်ဖူးသည်။ ဘထွေး၊ ဘကြီးများ အဖြစ်ဖြင့်လည်း ဘဝငါးရာ စီပင် တစ်ဆက်တည်း ဖြစ်လာခဲ့ဖူးသည်။ ပုဏ္ဏေးမသည်လည်း အမိ၊ မိထွေး၊ မိကြီးများအဖြစ်ဖြင့် ဘဝငါးရာစီပင် တစ်ဆက်တည်း ဖြစ်ဖူးသည်။ ဤသို့လျှင် ငါဘုရားသည် ဘဝပေါင်းတစ်ထောင့်ငါးရာတို့ပတ်လုံး ပုဏ္ဏား၏ လက်ထဲ၌ ကြီးပြင်းခဲ့ရသည်။ ပုဏ္ဏေးမ၏ လက်ထဲ၌လည်း ဘဝပေါင်း တစ်ထောင့်ငါးရာ တိုင်တိုင်ပင် ကြီးပြင်းခဲ့ရသည်ဟု ဟောတော်မူလေသည်။

ဇာတ်ပေါင်းသော် ပုဏ္ဏားအို လင်မယားသည် ပုဏ္ဏားအို လင်မယား၊ သားသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

တစ်ဦးနှင့်တစ်ဦး မြင်မြင်ချင်း ချစ်ခင်ရင်းနှီးကြခြင်းသည် အတိတ်ဘဝက မိတ်ဆွေ၊ ဆွေမျိုးအရင်းအချာ ဖြစ်ခဲ့ဖူးသူ ဖြစ်၏။ ယခင်ဘဝ၌ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှု မရှိပါက ယခုဘဝ၌လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှု အားနည်းတတ်၏။ သံသရာဘဝ အဆက်ဆက်က ချစ်ခဲ့ဖူးလျှင် ယခုဘဝ၌ မြင်မြင်ချင်း တစ်ဦးနှင့်တစ်ဦး အလိုလို ချစ်ခင်၏။ ဘဝများစွာကရှိခဲ့သော ပဌာန်းတရား၏ အကျိုးဆက်များကို ဘုရားရှင်တို့သာ သိနိုင်သည် စသောသင်ခန်းစာများကို ရရှိပါသည်။

http://www.dhammadownload.com

၉-ဝိသဝန္တဇာတ်အကျဉ်းချုပ်

အရှင်သာရိပုတ္တရာမထေရ်က မွန်းတည့်ခါနီး ကျောင်းပြန်ရောက်လာသည့် ရဟန်းငယ်အား 'ငါ့ရှင်၊ သင့်အတွက် ဖယ်ချန်ထားခဲ့သောမုန့်ကို ငါဘုဉ်းပေးလိုက်ပြီ'ဟု မိန့်ကြားရာ 'အရှင်ဘုရား ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်ကို အဘယ်သူသည် မနှစ်သက်ပဲ ရှိအံ့နည်း'ဟု ပဠုင်းငယ်လျှောက်ထားသည့် စကားကြောင့် သံဝေဂရလာသည့် အရှင်သာရိပုတ္တရာမထေရ်သည် ထိုနေ့မှစ၍ မုန့်ခဲဖွယ်များကို အလျင်းပင် သုံးဆောင်ခြင်းမပြုတော့၊ ထိုအကြောင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် အဆိပ်ဖြေဆရာဖြစ်သည်။ တစ်နေ့တွင် တောရွာမှ လူတစ်ယောက် မြွေကိုက်ခံရ၍ ဆွေမျိုးများက ဆေးဆရာကို ပင့်ခေါ်ကြသည်။ ဆေးဆရာက ဆေးဖြင့် လိမ်းကျံ၍ အဆိပ်ဖြေဖျောက်ရမည်လော၊ ကိုက်သောမြွေကို ခေါ်ယူ၍ ကိုက်သည့် ဒဏ်ရာပေါက်မှ အဆိပ်ကို ပြန်၍ စုပ်ယူခိုင်းရမည်လောဟု မေးလေ၏။ လူမမာရှင်က မြွေကိုခေါ်ယူ၍ အဆိပ်ကို ပြန်စုပ်စေသောနည်းဖြင့် ကုသပေးစေလိုကြောင်း ပြန်ကြားသဖြင့် ဆရာသည် မြွေကို ခေါ်ယူ၍ အဆိပ်ကို ပြန်လည်စုပ်ပေးရန် အမိန့်ပေးလေသည်။ မြွေက မလိုက်နာပဲ ငါသည် တစ်ကြိမ် စွန့်အပ်ပြီးသော ဝတ္ထုကို တဖန်ထပ်၍ မယူစဖူးဟုဆိုသည်။ ဤတွင် ဆေးဆရာသည် မီးဖိုတစ်ဖို ဖိုပေး၍ မိမိ၏အဆိပ်ကို ပြန်၍မစုပ်ယူလိုလျှင် ဤမီးဖိုထဲသို့ ဝင်လောဟု အမိန့်ပေးသည်။ မြွေသည် မီးထဲသို့ ဝင်ရန် လျှောက်သွားလေသည်။

ထိုအခါ ဆေးဆရာသည် မြွေကို ဟန့်တား၍ လူမမာကိုလည်း ဆေးမန္တရားတို့ဖြင့် ကုသ၍ ပျောက်ကင်းစေသည်။ ထို့နောက် မြွေကို သီလစောင့်စေကာ ယနေ့မှစ၍ တစ်စုံတစ်ယောက်ကိုမျှ မညှဉ်းဆဲလင့်ဟု ဆုံးမ၍ ပြန်လွှတ်လိုက်လေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် မြွေသည် အရှင်သာရိပုတ္တရာ၊ ဆေးဆရာသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ပညာရှိသည် ချမှတ်ထားပြီးသော ဆုံးဖြတ်ချက်ကို မဖျက်ပေ၊ သေသည်အထိ စောင့်ထိန်းတတ်ကြသည်။ ခိုင်မာသော စိတ်ဓာတ်ရှိကြ၏။ ဘုရားလောင်းစသော သူတော်ကောင်းပုဂ္ဂိုလ်တို့သည် သူတစ်ပါး ဆင်းရဲဒုက္ခရောက်ကြောင်း အမှုကို အသက်နှင့်ရင်း၍ ရှောင်တတ်ကြ၏။ ခိုင်မာသောစိတ်ဓာတ်ဖြင့် ဆုံးဖြတ်ချက် အဓိဋ္ဌာန်ကို မပျက်မကွက် အကောင်အထည်ဖော် ဆောင်ရွက်သင့်၏။ စသော သင်ခန်းစာများကို ရရှိပါသည်။

၁၀-ကုဒ္ဒါလဇာတ်အကျဉ်းချုပ်

သူဆင်းရဲ လယ်သမားဘဝမှ ရဟန်းပြုသော စိတ္တဟတ္ထမထေရ်သည် သာသနာတော်မှာ ကြာကြာမနေနိုင်ပဲ လူထွက်သွားသည်။ တစ်ဖန် သာသနာတွင်းသို့ ဝင်လာပြန်သည်။ ခြောက်ကြိမ်မြောက် လူထွက်၍ ခုနစ်ကြိမ်မြောက် ရဟန်းပြုလာခါမှ အဘိဓမ္မာတရားများ ပို့ချနိုင်သော စာချပုဂ္ဂိုလ်တစ်ဦးဖြစ်ကာ ဝိပဿနာလုပ်ငန်းခွင်ဝင်နေရာမှ ရဟန္တာပုဂ္ဂိုလ်ဖြစ်လေသည်။ ထိုအကြောင်းနှင့် စပ်၍ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဟင်းရွက်သည် အမျိုး၌ ဖြစ်လေသည်။ ပေါက်တူးတစ်လက်သာ ပိုင်ဆိုင်သဖြင့် ကုဒ္ဒါလပဏ္ဍိတဟု အမည်တွင်သည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချကာ ဆင်းဆင်းရဲရဲ အသက်မွေးရ၏။ တစ်နေ့၌ လူဝတ်ကြောင်ဘဝ၏ အကျိုးမများပုံကို မြင်မိ၍ ရသေ့ပြုတော့မည်ဟု ကြံစည်ပြီးလျှင် မိမိပိုင် ပေါက်တူးကို တစ်နေရာ၌ လုံခြုံစွာ ဝှက်ထားခဲ့ပြီး ရသေ့ပြုလိုက်လေ၏။ သို့ရာတွင် ပေါက်တူးကို သတိရသဖြင့် ပြန်လည်၍ လူထွက်သည်။ ဤသို့ဖြင့် သူသည် ခြောက်ကြိမ်

http://www.dhammadownload.com

တိုင် ရသေ့ပြု၍ ခြောက်ကြိမ်တိုင် လူထွက်သည်။

ခုနစ်ကြိမ်မြောက် ရသေ့ပြုမည်အခါ၌ သူသည် တုံးနေပြီဖြစ်သော ဤ ပေါက်တူးအပေါ် သံယောဇဉ်မပြတ်နိုင်ခဲ့၍ အကြိမ်ကြိမ် လူထွက်နေရသည်ကို သတိရလာသည်။ ထို့ကြောင့် သူသည် ပေါက်တူးကို မြစ်ကမ်းနားသို့ယူလာကာ ကမ်းစပ်တွင်ရပ်၍ မျက်လုံးအစုံကို မှိတ်ထားလိုက်ပြီး ပေါက်တူးကို အရိုးမှကိုင်၍ ခေါင်းပေါ်တွင် သုံးကြိမ်လှည့် ဝှေ့ယမ်းလျက် မြစ်လယ်သို့ ပစ်ချလိုက်သည်။ ဝုန်းခနဲ ပေါက်တူးကျသွားသံနှင့်အတူ 'ငါအောင်ပြီ၊ ငါ အောင်ပြီ' ဟူ၍ သုံးကြိမ်တိုင် ကျယ်လောင်စွာ ကြွေးကြော်လိုက်သည်။

နယ်ခြားစစ်ပွဲမှ အောင်ပွဲခံ၍ ပြန်လာသော ဗာရာဏသီမင်းသည် အနီးအနားမှ ဖြတ်သွားရင်း ထိုသူ၏ ကြွေးကြော်သံကို ကြားလိုက်မိသည်။ ထိုအခါ ကုဒ္ဒါလပဏ္ဍိတကိုခေါ်ယူပြီး 'အချင်းယောက်ျား၊ ငါသည် စစ်မြေပြင်၌ အောင်ပွဲရခဲ့သည်။ သင်သည် အဘယ်ကို အောင်သနည်း' ဟု မေးလေ၏။ ကုဒ္ဒါပဏ္ဍိတက 'မြတ်သောမင်းကြီး၊ သင် မင်းကြီးသည် စစ်ပွဲပေါင်း ရာထောင်ချီ၍ အောင်မြင်သော်လည်း ကိလေသာတို့ကို မအောင်မြင်သေး၊ သင် မင်းကြီး၏ အောင်ပွဲသည် ကောင်းသောအောင်ခြင်းမဟုတ်။ အကျွန်ုပ်သည်ကား မိမိ၏ကိုယ်တွင်းမှ ကိလေသာတို့ကို အောင်ပွဲခံခဲ့ပြီဟု လျှောက်တင်လေသည်။ ထို့နောက် မြစ်ရေပြင်ကိုကြည့်၍ အာပေါကသိုဏ်းရှုရာ ထိုခဏတွင်ပင် ဈာန်အဘိညာဉ် ရရှိကာ ကောင်းကင်တွင်ရပ်၍ မင်းကြီးကို တရားဟောသည်။

မင်းကြီးသည် ကုဒ္ဒါလပဏ္ဍိတ ဟောသောတရားကို သဘောကျကာ ကုဒ္ဒါလပဏ္ဍိတနှင့်အတူလိုက်၍ ရသေ့ဝတ်သည်။ ထို့အတူ မင်းမှူထမ်းများ လည်းလိုက်၍ ရသေ့ဝတ်ကြသည်။

နောင်အခါ ဗာရာဏသီမင်းကို အားကျကုန်သော ခုနစ်ပြည်ထောင်မင်းတို့သည် တိုင်းပြည်ကိုစွန့်၍ တောထွက်လာခဲ့ကြ၏။ ထိုအခါ ယူဇနာသုံးဆယ်

http://www.dhammadownload.com

ရှိသော မြေအပြင်သည် ရသေ့တို့ဖြင့် ဖုံးလွှမ်း၍သွားလေသည်။ ကုဒ္ဒါလပဏ္ဍိတ အမျှားရှိသော ရသေ့တို့သည် စျာန်သမာပတ်တို့ကို ရကြ၍ သေလွန်သောအခါ နတ်ပြည်၊ ब्रह्मပြည်တို့၌ ဖြစ်ကြကုန်သည်။

ဇာတ်ပေါင်းသော် ကုဒ္ဒါလပဏ္ဍိတရသေ့၏ပရိသတ်သည် ဗုဒ္ဓ၏ပရိသတ်၊ ကုဒ္ဒါလပဏ္ဍိတသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ပုထုဇဉ်သတ္တဝါတို့၏စိတ်သည် ကာမဂုဏ်အာရုံမျိုးစုံ၌ ကျရောက်လွယ်သဖြင့် စိတ်ကို ထိန်းသိမ်းနိုင်မှသာလျှင် ကိလေသာကိုနိုင်၏။ အစွဲအလမ်းကြီးသူသည် ဗျာပါးရ၏။ တပ်မက်စွဲလမ်းမှု လောဘကိုနိုင်လျှင် အားလုံးကိုနိုင်သည်။ သာမာန်အောင်ပွဲသည် အနိုင်တစ်လှည့် အရှုံးတစ်လှည့်နှင့် ရင်ဆိုင်ရတတ်၍ အောင်ပွဲအစစ်အမှန်မဟုတ်။ မိမိကိုယ်ကို အနိုင်ရခြင်းသည်သာ ကြီးမြတ်သော အောင်ပွဲ အစစ်အမှန်ဖြစ်သည်။ အတွင်းရန်ကို အောင်မြင်ခြင်းသည် အပြင်ရန်ကို အောင်မြင်ခြင်းထက် မွန်မြတ်သည် စသောသင်ခန်းစာများကို ရရှိပါသည်။

၁-ဝရဏာဇာတ်အကျဉ်းချုပ်

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းပျင်းကုဋ္ဌမ္ဗိကတိဿသည် သူငယ်ချင်းရဟန်းများ အရဟတ္တဖိုလ်ရရှိ၍ ဘုရားရှင်၏ ချီးမွမ်းမှု ခံရသည်ကို အားကျပြီး ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတောင်းကာ တောရ ဆောက်တည်၍ တရားအားထုတ်သည်။ အရဟတ္တဖိုလ်ကို နေ့ချင်းညချင်း ရချင်လွန်းသဖြင့် ထိုညဦးပင် အပြင်းအထန်အားထုတ်ရာ သန်းခေါင်ကျော်တွင် အိပ်ငိုက်၍ လဲကျကာ ပေါင်ကျိုးသွားလေသည်။ တောရကျောင်းသို့ အတူသွားရန် ပြင်ဆင်ထားပြီးသော ရဟန်းများမှာ သူ့ကိုပြုစုနေရ၍ မသွားနိုင်ကြတော့ပေ။ ဤရဟန်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ရှေးအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်တွင် ဘုရားလောင်းသည် တပည့်ငါးရာရှိသော ဒိသာပါမောက္ခ ဆရာကြီးဖြစ်လေသည်။ တစ်နေ့တွင် တပည့်များသည် ထင်းခွေရန် တောထဲသို့ သွားကြသည်။ ထိုတွင် အလွန်အပျင်းကြီးသော တပည့်တစ်ယောက်သည် ရေခံတက်ပင်တစ်ပင်ကို သစ်ခြောက်ပင်ဟု ထင်ကာ သစ်ပင်ရင်းတွင် ခေါင်းပေါင်းပုဆိုးကိုဖြန့်ခင်း၍ လဲလျောင်းနေလိုက်သည်။ မကြာမီ ခဏအတွင်းမှာပင် အိပ်ပျော်သွားသည်။

အခြားတပည့်များသည် ထင်းစည်းများကို ထမ်း၍ ပြန်လာကြရာ အိပ်ပျော်နေသော လူပျင်းကို ခြေထောက်ဖြင့်ကန်၍ နှိုးကြသည်။ လူပျင်းသည် အိပ်နေရာမှ အမြန်ထ၍ ရေခံတက်ပင်ပေါ် သို့ တက်သည်။ အိပ်ချင်မူးတူးဖြင့် ရေခံတက်ပင် အစိုကိုင်းကို အခြောက်ထင်၍ ချိုးသည်။ ထိုအခါ ကျိုး၍ထွက်လာသော သစ်ကိုင်းစွန်းသည် သူ့မျက်လုံးကို ထိုးဖောက်မိသဖြင့် သူသည် သစ်ပင်ပေါ်မှ ပြန်ဆင်းသည်။ လက်တစ်ဖက်ဖြင့် မျက်လုံးကို ပိတ်ပြီး ကျန်လက်တစ်ဖက်ဖြင့် ထင်းစိုများကို ထမ်း၍ ယူသွားသည်။ ကျောင်းသို့ ရောက်သောအခါ သူ့ထင်းစိုများကို ထင်းပုံတွင် အပေါ်ဆုံးမှ တင်ထားလိုက်သည်။

ထိုနေ့တွင် ဆရာကြီးထံသို့ အမျိုးတစ်ဦးရောက်လာပြီး မနက်ဖြန်တွင် ပုဏ္ဏားတို့အား ဗေဒင်ရွတ်ဖတ်သရဇ္ဈာယ်ရန် ပင့်ဖိတ်ထားသည်။ ဆရာကြီးသည် ကိုယ်တိုင် မသွားအား၍ တပည့်တို့အား သွားကြရန် ညွှန်ကြားသည်။ တပည့်တို့သည် မသွားမီ စားသောက်သွားလိုကြသဖြင့် ကျွန်မကို ခါတိုင်းရက်များက ထက် စောစွာနိုး၍ ယာဂုကျိုချက်စေကြသည်။ ကျွန်မသည် ယာဂုကျိုရန် ထင်းသွားယူရာ အပေါ်ဆုံးမှ တွေ့ရသောရေခံတက်သား အစိုများကို ယူလာမိသည်။ ထိုထင်းများဖြင့် မီးမွှေးသည်တွင် နေထွက်ချိန်တို့သာ ရောက်လာသည်။ မီးကားစွဲလောင်၍ မလာချေ။ နေထွက်လာပြီဖြစ်သဖြင့် အချိန်မမီတော့ကြောင်းကို သိကြ၍ လူငယ်များသည် အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြရသည်။

တပည့်များသည် အကြောင်းစုံအား ဆရာကြီးထံဝင်၍ ပြောပြကြသည်။

http://www.dhammadownload.com

ထိုအခါ ဆရာက 'လူမိုက်တစ်ယောက်၏ လုပ်ရပ်တစ်ခုကြောင့် လူအများ၏ အကျိုးစီးပွားများ ဆုတ်ယုတ်ပျက်စီးခဲ့ရပြီ'ဟု မိန့်ကြားလေသည်။

ဇာတ်ပေါင်းသော် မျက်စိပျက်သော လူငယ်သည် ပေါင်ကျိုးသောရဟန်း၊ ကျောင်းသားလူငယ်များသည် ဗုဒ္ဓ၏ပရိသတ်၊ ဆရာကြီးသည် ဘုရားဖြစ်လာ၏။

သင်ခန်းစာ

လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းတို့ကို အချိန်ရှိခိုက် လုံ့လစိုက်၍ လုပ်ဆောင်သင့်၏။ အချိန်လွန်မှ လုပ်ပါလျှင် ကောင်းကျိုးမရ၊ ဆိုးကျိုးသာရတတ်သည်။ လူပျင်းသည် တစ်လောကလုံး၏ အမှိုက်သရိုက်သာဖြစ်သည်။ ပျင်းရိသူ တစ်ယောက်ကြောင့် လူအများ ဒုက္ခရောက်ရတတ်သည်။ ပျင်းလျှင်ဖျင်း၍ ဖျင်းလျှင် လူညံ့ဖြစ်သည်။ ထို့ကြောင့် ပျင်းတတ်သူကိုရှောင်၍ လုံ့လကြီးသူနှင့်ပေါင်းသင့်၏။ လူတိုင်းလူတိုင်း မပျင်းသင့်ပါ၊ စသော သင်ခန်းစာများကို ရရှိပါသည်။

၂-သီလဝနာဂရာဇဇာတ်အကျဉ်းချုပ်

ဘုရားရှင်၏ ကျေးဇူးကို မသိတတ်သော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဟိမဝန္တာဝယ် ဆင်မျိုး၌ ဖြစ်၍ နောက်လိုက်ဆင် ရှစ်သောင်းရှိသည်။ ဆင်မင်းသည် နောက်ပိုင်းတွင် ပရိသတ်များ၏အပြစ်ကို မြင်လာခြင်းကြောင့် ငြိမ်းချမ်းစွာ နေလိုသဖြင့် ပရိသတ်များကို စွန့်ခွာ၍ တစ်ဦးတည်းပင် နေလေသည်။ သီလနှင့် ပြည့်စုံသောကြောင့် သီလဝနာဂရာဇာ'ဟု ခေါ်ကြသည်။

တစ်နေ့တွင် မုဆိုးတစ်ယောက်သည် တောထဲ၌ မျက်စိလည် လမ်းမှားပြီး သေဘေးမှ ကြောက်သဖြင့် လက်နှစ်ဖက်ကို မြှောက်၍ ငိုကြွေးနေသည်။

http://www.dhammadownload.com

ဆင်မင်းကြားသောအခါ မုဆိုးထံသို့သွားလျှင် မုဆိုးက အနီးကပ်မခံပဲ ကြောက်လန့်၍ ထွက်ပြေးနေသည်။ မုဆိုးပြေးသည်ကိုမြင်လျှင် ဆင်မင်းက ရပ်နေလိုက်သည်။ ဆင်မင်းရပ်နေသည်ကိုမြင်သော် မုဆိုးကလည်း ရပ်နေလိုက်၏။ ဤတွင် မုဆိုးက 'ဤဆင်မင်းသည် ငါပြေးလျှင် ရပ်၏၊ ငါရပ်လျှင် လာ၏။ ဧကန္တ ငါ့အား ကူညီလိုရှိသာ ဖြစ်တန်ရာသည်'ဟု စဉ်းစားကာ မပြေးတော့ပဲ ရပ်နေလိုက်၏။ ဆင်မင်းက မေးရာ မျက်စိလည်လမ်းမှားနေ၍ဖြစ်ကြောင်း ပြောပြလေသည်။

ဆင်းမင်းသည် မုဆိုးကို ကျောကုန်းပေါ်တွင်တင်၍ ဗာရာဏသီသို့ သွားသောလမ်းမကို ရောက်သည်အထိ ပို့ဆောင်ကာ 'ယောက်ျား ဤလမ်းအတိုင်းသွားလော၊ ငါ၏နေရာအရပ်ကို တစ်စုံတစ်ယောက်သောသူအား မပြောလေလင့်' ဟု မှာလိုက်သည်။ မုဆိုးသည် ဗာရာဏသီသို့ရောက်လျှင် ဆင်စွယ်ပွတ်သမားနှင့်တွေ့ဆုံ၍ အသက်ရှင်နေဆဲဆင်မှ အစွယ်ကိုရသော် ယူမယူ မေးသည်။ ဆင်စွယ်ပွတ်သမားများက ယူကြောင်း၊ အသက်ရှင်နေဆဲ ဆင်မှ အစွယ်သည် ပို၍ အဖိုးတန်ကြောင်း ပြောလိုက်ကြရာ မုဆိုးသည် တောထဲသို့ ပြန်လာကာ ဆင်မင်းထံမှ အစွယ်များ တောင်းခံသည်။ ဆင်းမင်းက အစွယ်များကို လှူလိုက်လေသည်။

မုဆိုးသည် အစွယ်များကို ရောင်းချ၍ စားသောက်သည်။ ငွေများကုန်ခန်းချိန်တွင် ဆင်မင်းထံသို့ ပြန်လာခဲ့ပြန်ပြီး ကျန်သောဆင်စွယ်ကို တောင်းပြန်သည်။ ဆင်မင်းကလည်း လှူလိုက်ပြန်သည်။ မကြာမီ နောက်တစ်ကြိမ် ရောက်လာခဲ့ပြန်ကာ အစွယ်ရင်းတို့ကို တောင်းပြန်သည်။ ဆင်မင်းကလည်း ပေးလှူလိုက်ပြန်လေသည်။

ယောက်ျားယုတ်မုဆိုးသည် အစွယ်များကိုယူ၍ ပြန်ထွက်လာခဲ့ရာ ဆင်မင်း၏ မြင်ကွင်းမှလွှတ်သွားသည်ဆိုလျှင်ပင် မြေမျိုလေသည်။ ယောက်ျားယုတ် မြေမျိုခြိန်၌ ထိုတောအုပ်ကိုစောင့်သော ရုက္ခစိုးနတ်သည် 'သူ့ကျေးဇူးကို မသိတတ်သော၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ယောက်ျားယုတ်ကို စကြဝဠာ အဖြစ်ကို ပေးသော်လည်း ရောင့်ရဲကျေနပ်မည်မဟုတ်'ဟု ဆိုလေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ယောက်ျားသည် ဒေဝဒတ်၊ ရုက္ခစိုးနတ်သည် အရှင်သာရိပုတ္တရာ၊ သီလဝဆင်မင်းသည် ဘုရားဖြစ်လာ၏။

သင်ခန်းစာ

ကောင်းမှုကုသိုလ်တို့ကို ဘဝပေါင်းများစွာပြုခဲ့ဖူးသော သတ္တဝါတို့သည် ဖြစ်ရာဘဝ၌ ရုပ်ရည်အဆင်း လှပတင့်တယ်၏။ ဆင်ဖြစ်လျှင်လည်း ဆင်ဖြူတော်ဖြစ်ရ၏။ ဘုရားလောင်းသည် မိမိအသက် စသည်တို့ကိုရင်း၍ သဗ္ဗညုတ ဉာဏ်တော်ကို ဆုတောင်း၏။ လောဘကြီးသောလူမိုက်သည် စကြာဝဠာမင်း စည်းစိမ်ကို ခံစားရသော်လည်း အားရကျေနပ်မှု မရှိတတ်။ လူမိုက်တို့သည် မိမိ အပေါ်ပြုခဲ့ဖူးသော သူတစ်ပါး၏ ကျေးဇူးကို မသိတတ်၊ ကျေးဇူးရှင်ကို ပြစ်မှားတတ်ကြ၏။ ကျေးဇူးရှင်ကို ကျေးဇူးကန်းလျှင် မြေမျိုး၍ အပါယ်ငရဲသို့ကျရောက်တတ်၏။ မိမိတို့၏ကျေးဇူးရှင်များအပေါ် ပြန်ပြီးမပြစ်မှားသင့်ပါ စသော သင်ခန်းစာများကို ရရှိပါသည်။

၃-သစ္စံကိရဇာတ်အကျဉ်းချုပ်

ဘုရားရှင်အား သတ်ဖြတ်ရန် ဒေဝဒတ်၏ ကြိုးစားမှုကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် မင်းကြီးတွင် ဒုဋ္ဌကုမာရ မည်သော သားတော်တစ်ပါးရှိသည်။ သူသည် မဆဲ၊ မပုတ်ခတ်ပဲ စကားမပြောတတ်။ တစ်နေ့တွင် သူသည် အခြံအရံများကိုခေါ်၍ မြစ်ဆိပ်သို့ ရေကစားသွားရာ မြစ်ဆိပ်သို့ရောက်သည့်အခါ မိုးမည်းကြီးတက်လာသည်။ အစေအပါးများသည် သူအား မြစ်လယ်သို့ယူဆောင်ကြပြီး 'လူယုတ်မာ သွားလေလော့'ဟု ဆို၍ မင်းသားကို မြစ်ရေကြောထဲ မျှောချလိုက်ကြသည်။

http://www.dhammadownload.com

ထိုအချိန်က ဘုရားလောင်းရသေ့သည် မြစ်ကွေ့တစ်နေရာတွင် သစ်ရွက်မိုးကျောင်းငယ်ကလေးဖြင့် နေလေသည်။ ရသေ့ကြီးသည် မင်းသား၏ဟစ်အော်ငိုကြွေးသံကို ကြားမိသဖြင့် မြစ်လယ်သို့ ကူးခတ်သွားကာ ထင်းတုံးကို အစွန်းတစ်ဖက်မှ ဖမ်းကိုင်၍ ကမ်းစပ်ဆီသို့ ဆွဲယူလာခဲ့သည်။ ကမ်းနားသို့ ရောက်ပြီးချိန်တွင် မင်းသားကိုချီ၍ ကမ်းနား၌ချပေးသည်။ ထင်းတုံးပေါ်၌ အတူမျှောလာသော မြွေ၊ ကြွက်နှင့် ကျေးသားတို့ကိုလည်း ချီ၍ပင်ချသည်။ ကျောင်းသို့ရောက်ရောက်သွားချိန်တွင် ရသေ့ကြီးသည် အားနည်းသော မြွေ၊ ကြွက်နှင့် ကျေးသားတို့ကို ဦးစွာမီးလှုံစေသည်။ မင်းသားကိုမူ နောက်မှ လှုံစေသည်။ အစာကျွေးမွေးသောအခါတွင်လည်း အားနည်းသော မြွေ၊ ကြွက်စသည်တို့ကို ဦးစားပေးစေပြီးမှ မင်းသားကို ကျွေးခဲ့လေသည်။

ဤသည်ကို မင်းသားက မကျေနပ်သဖြင့် ဤရသေ့ကောက်သည် ငါ့မင်းသားတစ်ယောက်လုံးကို အရေးမစိုက်။ တိရစ္ဆာန်များကိုသာ ဦးစားပေးသည်' ဟု ရန်ငြိုးပြုသည်။

မြွေနှင့် ကြွက်တို့သည် လူ့ဘဝတွင် ဖြစ်ခဲ့ကြစဉ်က သူ့ဌေးကြီးများပင်။ သူတို့သည် မြေ၌ မြှုပ်နှံထားသော မိမိတို့ပိုင် ဥစ္စာပစ္စည်းများအပေါ်၌ စွဲလမ်းစိတ်ဖြင့် ကွယ်လွန်ခဲ့ကြရာ ဥစ္စာပုံများပေါ်တွင် မြွေနှင့်ကြွက်များ ဖြစ်လာခဲ့ကြ၏။ ယင်းသို့ မြေ၌မြှုပ်ထားသော ပစ္စည်းများကို ရသေ့ကြီး အလိုရှိသောအခါ လှူပါမည်ဟု ကတိပြုကာ မြွေ၊ ကြွက်နှင့်ကျေးတို့ ပြန်လာခဲ့ကြသည်။

နောက်ဆုံးကျန်နေသော မင်းသားသည် လောကဝတ်စကားမျှ မပြောပဲသွား၍ မသင့်ကြောင်းကို တွေးမိပြီး 'အရှင်ဘုရား အကျွန်ုပ် မင်းဖြစ်သောအခါ ကြွတော်မူလာခဲ့ပါ။ ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ကိုးကွယ်ပါမည်' ဟု ပင့်ဖိတ်စကား ဆိုထားခဲ့ပြီး ထွက်လာခဲ့သည်။ မင်းသားသည် နေပြည်တော်သို့ ပြန်ရောက်ပြီးနောက် မကြာမီမှာပင် မင်းဖြစ်လေသည်။

http://www.dhammadownload.com

များမကြာမီ ရသေ့ကြီးသည် ထိုသူများကို စမ်းသပ်လိုရ်ှ ကျောင်းမှထွက်လာခဲ့ပြီး မြွေ၊ ကြွက်နှင့် ကျေးသားများထံသို့ အစဉ်အတိုင်းဝင်သည်။ အာလုံးကပင် ကတိစကားအတိုင်း ကျေးဇူးဆပ်ကြသည်။ ရသေ့ကြီးက လိုအပ်သည့်အခါတွင် လာယူမည်'ဟု ပြောထားခဲ့ပြီး ဗာရာဏသီသို့ ဆက်ရ်ှလာခဲ့သည်။

ရသေ့သည် မင်းဥယျာဉ်ရ်ှ တည်းခိုနေပြီး နောက်နေ့နံနက်တွင် မြို့တွင်းသို့ ဆွမ်းခံဝင်သည်။ ထိုအချိန်တွင် ဆင်စီးရ်ှ မြို့တွင်းသို့ လှည့်လည်နေသော မင်းကြီးသည် ရသေ့ကြီးကို မြင်လိုက်လျှင်ပင် ချက်ချင်းမှတ်မိလိုက်၏။ 'ရသေ့ကောက်သည် ငါ့ထံ၌ စားသောက်နေလိုရ်ှ လာချေပြီ။ ငါ့အပေါ် ပြုခဲ့ဘူးသော ကျေးဇူးတရားကို အခြားသူများအား မပြောပြမီ ထိုရသေ့ဦးခေါင်းကို ဖြတ်စေအံ့'ဟု စိတ်ကူးကာ မင်းမှူထမ်းများအား 'ထိုရသေ့ယုတ်ကိုဖမ်းကာ သုသာန်ထုတ်ရ်ှ ကိုယ်ကိုတံကျင်လျှိုပြီးလျှင် ဦးခေါင်းကို ဖြတ်ကြလော့'ဟု အမိန့်ပေးလိုက်၏။

မင်းမှူထမ်းတို့သည် မင်းကြီးအမိန့်အတိုင်း ဆောင်ရွက်ကြသည်။ ရသေ့ကြီးသည် မည်မျှပင် ရိုက်ပုတ်ခြင်းခံသော်လည်း အမိအဖတို့ကို တမ်းတခြင်းမရှိ၊ ငိုကြွေးမြည်တမ်းခြင်းလည်းမပြု။ 'မြစ်ရေကြောထဲမှ မျောလာသော ထင်းတုံးကို ဆယ်တင်ခြင်းသည် မြတ်၏။ သူ့ကျေးဇူးကို မသိတတ်သော ယောက်ျားယုတ်ကို ဆယ်တင်ခြင်းသည် မမြတ်။ ဤသို့ ပညာရှိများ ဆိုခဲ့သော စကားသည် မှန်၏'ဟု အဓိပ္ပါယ်ရသော ဓမ္မဂီတကိုသာ ထပ်ရ်ှ ဆိုသည်။

သည်တွင် တွေးခေါ်မြော်မြင်တတ်သူများက 'ရသေ့ သင်သည် ငါတို့ မင်းကြီးအား တစ်စုံတစ်ရာ ကျေးဇူးပြုဖူးပါသလော'ဟု မေးကြသည်။ ရသေ့ကြီးက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။ ထိုအခါ ပြည်သူများသည် 'ငါတို့ မင်းသည် မိမိ၏အသက်ကို ကယ်တင်ပေးခဲ့ဖူးသူ၏ကျေးဇူးတရားကိုမျှ မသိ။ ထိုမင်းယုတ်၏လက်အောက်တွင် နေရခြင်းဖြင့် ငါတို့အား အဘယ်မှာလျှင် စီးပွားချမ်းသာတို့ တိုးတက်ဖြစ်ထွန်းအံ့နည်း။ ထိုမင်းယုတ်ကို ဖမ်းကြလော့'ဟု ဆိုပြီး

http://www.dhammadownload.com

လျှင် မင်းကို ဆင်ပေါ်မှ ဆွဲချ၍ ရိုက်ပုတ်သတ်ဖြတ်ကြသည်။ ရသေ့ကြီးအား ဘိသိက်သွန်း၍ မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။

ဇာတ်ပေါင်းသော် ဒုဋ္ဌကုမာရမင်းသည် ဒေဝဒတ်။ မြွေသည် အရှင်သာရိပုတ္တရာ။ ကြွက်သည် အရှင်မောဂ္ဂလ္လာန်။ ကျေးသားသည် အရှင်အာနန္ဒာ။ တရားမင်းရသေ့သည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ဒေဝဒတ်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို မသိတတ်သကဲ့သို့ လူမိုက်တို့သည် ကျေးဇူးရှင်တို့၏ ကျေးဇူးကို မသိတတ်ကြ။ ရေတွင်မျောလာသော ထင်းတုံးကို ဆယ်တင်ခြင်းသည် ကောင်း၏၊ သို့သော် ညာတာမှုမရှိသော ပညာမဲ့သူ သူယုတ်မာကို ကယ်ဆယ်ထားခြင်းသည်ကား မကောင်းချေ။ သူယုတ်မာကို ကယ်တင်မိလျှင် ဒုက္ခရောက်ရတတ်၏။ ကျေးဇူးကန်းသူသည် ဘေးတွေ့ရတတ်ပြီး နောက်ဆုံး၌ အသေဆိုးနှင့် သေရတတ်၏။ ကျေးဇူးသိတတ်လျှင် ချမ်းသာမည်။ ကျေးဇူးရှိသူအား ကျေးဇူးဆပ်သင့်၏ စသော သင်ခန်းစာများကို ရရှိပါသည်။

၄-ရက္ခမေမ္ဘဇာတ်အကျဉ်းချုပ်

ရောဟိဏီမြစ်ရေကို ပိုင်ဆိုင်လုမှုဖြင့် ခိုက်ရန်ဒေါသ ဖြစ်နေကြသည့် ဆွေတော်မျိုးတော်တို့အား ဆွေမျိုးတို့မည်သည် ညီညွတ်သင့်သည်။ အချင်းချင်း ဝမ်းမြောက်ဝမ်းသာရှိသင့်သည်။ ဆွေမျိုးများ ညီညွတ်နေခဲ့သော် ရန်သူများသည်လည်း ကြားဝင်ဖျက်ဆီးခွင့်မရကုန်။ သက်ရှိဖြစ်သော လူများကို ထားဘိဦး။ စိတ်စေတနာမရှိသော သစ်ပင်တို့သည်ပင်လျှင် အချင်းချင်းယှက်နွယ်ဆက်စပ်၍ တည်ရှိပါက လေပြင်းမုန်တိုင်းတို့သည် မဖျက်ဆီးနိုင်ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် နတ်ပြည်တွင် ဝေဿဝဏ်နတ်မင်းကြီး စုတေ၍ ဝေဿဝဏ်နတ်မင်း အသစ်တစ်ပါး မင်းပြု၏။ နတ်မင်းသစ်သည် လက်အောက်ခံ နတ်ငယ်များအား မိမိတို့နှစ်သက်ရာ သစ်ပင်ကြီးငယ် ချုံနွယ်များကို ဘုံဗိမာန်အဖြစ် အသုံးပြုရန် မိမိတို့ ဆန္ဒအရ ရွေးချယ်ကြရန် အမိန့်ထုတ်ပြန်သည်။

ထိုအချိန်တွင် ဘုရားလောင်းသည် ဟိမဝန္တာအင်ကြင်းတောတစ်ခု၌ ရုက္ခစိုးနတ်ဖြစ်လေသည်။ သူသည် ဆွေမျိုးနတ်များအား လွင်ပြင်၌ပေါက်ရောက်နေသည့်သစ်ပင်များကို ဗိမာန်အဖြစ် မရွေးချယ်ကြရန်နှင့် အင်ကြင်းတောရှိ သူ၏ဗိမာန်ဝန်းကျင်မှ သစ်ပင်များကိုသာ ရွေးချယ်ကြရန် နှိုးဆော်လေ၏။ သို့ရာတွင် အချို့နတ်များကသာ လိုက်နာ၍ အချို့နတ်များကမူ တောထဲမှဗိမာန်ကို အလိုမရှိကြ၊ လူတို့နှင့်နီးစပ်မှ လာဘ်လာဘပေါများသည်ဟု ယူဆကာ လူနေဝန်းကျင်ရှိ လွင်တီးခေါင်မှ သစ်ပင်ကြီးများကို ရွေးချယ်၍ နေထိုင်ကြသည်။

တစ်နေ့တွင် မိုးသက်လေပြင်းကြီး ကျရောက်ရာ အထီးတည်းသာရှိသော သစ်ပင်ကြီးတို့သည် အမြစ်ပါကျွတ် ပြိုလဲပျက်စီးကြရသည်။ သို့ရာတွင် အကိုင်းအခက်ချင်း ဆက်ယှက်နေကြသည့် အင်ကြင်းတောမှ ဗိမာန်တို့သည်ကား ပျက်စီးသွားခြင်း မရှိခဲ့ချေ။ ဗိမာန်များ ပျက်စီးသွားရသော လူနေဝန်းကျင်မှ နတ်များသည် ကလေးငယ်များကို လက်ဆွဲ၍ အင်ကြင်းတောသို့ ရောက်လာကြသည်။ ထိုအခါ ဘုရားလောင်း ရုက္ခစိုးနတ်က 'ဆွေမျိုးများခြင်းသည် ကောင်း၏။ သစ်ပင်တို့ များခြင်းသည်လည်း ကောင်း၏။ တစ်ပင်တည်း အထီးတည်းပေါက်နေသော တောစိုးသစ်ပင်ကြီးကို လေသည်လှဲဖျက်နိုင်၏'ဟူ၍ ဆိုလေသည်။

ဇာတ်ပေါင်းသော် ယခင်ကနတ်များသည် ဗုဒ္ဓ၏ပရိသတ်၊ ပညာရှိရုက္ခစိုးနတ်သည် ဘုရားဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

လောကၦ် ညီညွတ်ခြင်းသည် အလွန်အရေးပါလှ၏။ အချင်းချင်း ညီညွတ်နေလျှင် ရန်သူမှန်သမျှတို့ မဖျက်ဆီးနိုင်။ သက်မဲ့သစ်ပင်များပင် ညီညွတ်မှု စုစည်းမှုရှိမှသာ လေမုန်တိုင်းဒဏ်မှ ကင်းလွတ်နိုင်၏။ တစ်ပင်တည်းသာ ရှိနေလျှင် လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးလွယ်၏။ လောကၦ် တစ်ဦးတစ်ယောက်တည်းနေလျှင် အန္တရာယ်အမျိုးမျိုးကျရောက်နိုင်သဖြင့် တစ်ဦးတစ်ယောက်တည်းမနေသင့်၊ တတ်သိနားလည်၍ ပြောဆိုဆုံးမတတ်သော ပညာရှိစကားကို ရိုသေလေးစားစွာ နာယူသင့်၏။ ပညာရှိစကားကို မနာယူက ဘေးတွေ့၍ ပျက်စီးနိုင်၏၊ စသော သင်ခန်းစာများကို ရှိပါသည်။

၅-မစ္ဆဇာတ်အကျဉ်းချုပ်

ကောသလတိုင်းတွင် မိုးခေါင်၍ ကောက်စပါးများ ညှိုးရော်ကုန်သည်။ ရေကန်ကြီးငယ်တို့သည် ခန်းခြောက်ကြသည်။ ဇေတဝန်ကန်တွင်လည်း ရေခန်း၍ ရွှံ့ညွန်များထဲတွင် တိုးဝင်ခိုအောင်းနေကြသည့် ငါး၊ လိပ် စသည်တို့ကို ကျီး၊ စွန် စသည်တို့က နှုတ်သီးဖြင့် ထိုးယူစားသောက်ကြသည်ကို ဘုရားရှင်မြင်တော်မူလျှင် 'ယနေ့ ငါသည် မိုးရွာစေခြင်းငှါ သင့်၏'ဟု နှလုံးသွင်းတော်မူရာမှ မိုးရွာလာသဖြင့် ကောသလ တစ်တိုင်းလုံးသည် မိုးရေတို့ဖြင့် ဖုံးလွှမ်းသွားသည်။ ဇေတဝန်ရေကန်သည်လည်း တခဏချင်းမှာပင် မိုးရေတို့ဖြင့် ပြည့်လျှံလာလေသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ကောသလတိုင်း၊ သာဝတ္ထိပြည် ဤဇေတဝန်ရေကန်နေရာၦ် ချုံနွယ်တို့ဖြင့် ဝိုင်းရံနေသော မေအိုင်တစ်ခု ရှိခဲ့ဖူးသည်။ ထိုရေအိုင်တွင် ဘုရားလောင်းငါးမင်းသည် ငါးအပေါင်း ခြံရံလျက် နေခဲ့လေ၏။ တစ်ချိန်တွင် ကောသလတိုင်းၦ် မိုးခေါင်ရာ ကောက်စပါးများ ညှိုးကုန်သည်။ ရေကန်ရေအိုင်တို့တွင်လည်း

http://www.dhammadownload.com

ရေများမရှိတော့။ ရွှံ့ညွန်တွင်းသို့ တိုးဝင်နေကြရသော ငါး၊ လိပ်တို့ကို ကျီး အစရှိသော သားစားငှက်များသည် နှုတ်သီးဖြင့် ထိုးယူစားသောက်ကြလေသည်။

ထိုအခါ ငါးမင်းသည် ဆွေမျိုးတို့အား သစ္စာပြု၍ ကယ်တင်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ကောင်းကင်ကို မော့ကြည့်၍ 'အို ပဇ္ဇုန်နတ်မင်း ငါသည် ဆွေမျိုးအပေါင်းကို မှီ၍ ဆင်းရဲ၏။ သင်သည် သီလရှိသောငါ့အား ပင်ပန်းစေလျက် အဘယ့်ကြောင့် မိုးကို မရွာစေသနည်း။ ငါသည် ဇာတ်တူသား စားတတ်သော အမျိုးဌ ဖြစ်သော်လည်း ဆန်လုံး ပမာဏခန့်ရှိသော ငါးကလေးကိုပင် စားဖူးသည်မရှိ။ ငါသည် တစ်ပါးသော သတ္တဝါကိုလည်း မသတ်စဖူး။ ဤမှန်ကန်သော သစ္စာစကားကြောင့် မိုးကို ရွာစေ၍ ငါနှင့်တကွ ငါ့ဆွေမျိုးအပေါင်းအား ဆင်းရဲမှ လွတ်စေလော့'ဟု သစ္စာဆိုလိုက်ရာ ကောသလတိုင်းအနှံ့တွင် မိုးကြီးသည်းထန်စွာ ရွာချလေသည်။ သတ္တဝါများသည်လည်း သေခြင်းဆင်းရဲမှ လွတ်မြောက်သွားကြရလေသည်။

ဇာတ်ပေါင်းသော် ငါးများသည် ဗုဒ္ဓ၏ပရိသတ်။ ပဇ္ဇုန်နတ်သည် အရှင်အာနန္ဒာ။ ငါးမင်းသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

လောကဌ် ဝစီသစ္စာဟူသော သစ္စာစကားသည် တန်ခိုးအကြီးဆုံးဖြစ်၏။ သစ္စာနှင့်တူသော စွမ်းအားသည်မရှိ။ မှန်ကန်သော သစ္စာတရားသည် လောင်လာသောမီး၊ တိုးလာသောရေ၊ တက်နေသော အဆိပ်ကိုပင် ရပ်တန့်စေနိုင်၏။ မှန်ကန်သော အကြောင်းအရာကို သစ္စာစကားဆိုပါက မိမိတို့လိုရာကို ဆောင်ကျင်းပေးတတ်သဖြင့် သစ္စာစကားကို အရေးကြီးလာလျှင် အသုံးပြုသင့်၏။ ထို့ကြောင့် မလိမ်မညာ မှန်ကန်သော စကားသည်သာ အောင်မြင်ကြောင်းအစစ်အမှန်ဖြစ်၏၊ စသော သင်ခန်းစာများကို ရရှိပါသည်။

http://www.dhammadownload.com

၆-အသင်္ဂီယဇာတ်အကျဉ်းချုပ်

သာဝတ္ထိမြို့သား သောတာပန်ဥပါသကာ တစ်ယောက်သည် လှည်းကုန်သည် အုပ်စုတစ်စုနှင့် လှည်းကြေးစီးကာ လိုက်ပါလာသည်။ ညအချိန်ရောက်၍ လှည်းများ စခန်းချရပ်နားချိန်တွင် သူကတစ်ညလုံး မအိပ်စက်ချေ။ လုယက်ရန် အခါအခွင့်ကို ချောင်းနေကြသော ခိုးသားဓားပြများသည် ဥပါသကာမအိပ်သဖြင့် မလုယက်နိုင်ဘဲ ပြန်ကြရလေသည်။ ထိုဥပါသကာကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘရာဏာသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ရသေ့ပြု၍ ဟိမဝန္တာ၌ နေလေသည်။ တစ်နေ့တွင် ရသေ့သည် ချဉ်၊ ဆား မှီဝဲလို၍ ကျေးလက်တောရွာသို့ ခရီးထွက်ခွာလာခဲ့ရာ ခရီးလမ်းတစ်ဝက်၌ လှည်းကုန်သည်များနှင့် တွေ့ဆုံသဖြင့် လှည်းကြေးစီး၍ လိုက်သွားခဲ့သည်။ ညနေပိုင်းတွင် တောတွင်းတစ်နေရာ၌ စခန်းချ ရပ်နားကြသောအခါ ရသေ့ကြီးသည် လှည်းပေါ်မှ ဆင်း၍ အနီးအနားရှိ သစ်ပင်အောက်တွင် စကြီလျှောက်၍ နေလိုက်သည်။

ထိုအချိန်တွင် ခိုးသားငါးရာတို့သည် လှည်းသားများ ညစာ စားချိန်၌ လုယက်မည်ဟုကြံကာ လှည်းစခန်းကို ဝိုင်းရံလာကြ၏။ သို့ရာတွင် စကြီလျှောက်နေသော ရသေ့ကြီးကိုမြင်သွားလျှင် လုံခြုံရာ၌ ပုန်းကွယ်ကာ ရသေ့ကြီးအိပ်ပျော်သွားချိန်ကို စောင့်နေကြသည်။ ရသေ့ကြီးသည် ထိုညက တစ်ညလုံး မအိပ်ဘဲ မိုးလင်းချိန်အထိ စကြီလျှောက်နေခဲ့သည်။ ထို့ကြောင့် ခိုးသားများသည် လုယက်ခွင့် မရခဲ့ကြ။ ပါလာခဲ့ကြသည့် ကျောက်ခဲ၊ ဆောက်ပုတ်၊ စသည်တို့ကို စွန့်ပစ်ခဲ့ကြ၍ ' အို လှည်းကုန်သည်တို့ ယနေ့ ရသေ့ကြီးသည် စကြီသွားမနေခဲ့လျှင် သင်တို့အားလုံးသည် လုယက်ခံရသဖြင့် ပျက်စီးခြင်းသို့ ရောက်ကြရကုန်သည်။ ရသေ့ကြီးအား ကြီးစွာသော ပူဇော်သက္ကာရကို ပြုကြကုန်လေလော့'ဟု အော်ဟစ်ပြောဆိုပြီးလျှင် ထွက်ခွာသွားကြလေသည်။

http://www.dhammadownload.com

လှည်းကုန်သည်များသည် နံနက်မိုးလင်းချိန်တွင် အကြောင်းစုံကို သိကြ ရ၍ ထိတ်လန့်တုန်လှုပ်မိကြပြီး ရသေ့ကြီးကို ခိုးသူများအား မြင်တွေ့လိုက်ခြင်း ရှိမရှိ မေးမြန်းရာ ရသေ့ကြီးက မြင်တွေ့လိုက်ရကြောင်း ပြန်ကြားသည်။ ရသေ့ကြီး အနေဖြင့် ကြောက်ရွံ့ခြင်း ဖြစ်မဖြစ် ဆက်၍မေးရာ ရသေ့ကြီးက 'ဒါယကာတို့ ခိုးသူတို့ကိုမြင်၍ ကြောက်ရွံ့ခြင်းသည် ဥစ္စာရှိသောသူများသာ ဖြစ်၏။ ငါသည် ကား ဥစ္စာမရှိ။ အဘယ့်ကြောင့် ကြောက်အံ့နည်း'ဟု မိန့်ကြားလေသည်။

ဇာတ်ပေါင်းသော် လှည်းကုန်သည်များသည် ဗုဒ္ဓ၏ပရိသတ်။ ရသေ့သည် ဘုရားရှင် ဖြစ်လာသည်။

သင်ခန်းစာ

မေတ္တာဘာဝနာ ကရုဏာဘာဝနာ ပွားများနေခြင်းသည် ဗြဟ္မာ့ဘုံသို့ ရောက်နိုင်ကြောင်း အကျင့်ကောင်းဖြစ်၏။ မိမိကိုယ်ကို စောင့်ရှောက်ခြင်းသည် သူတစ်ပါးတို့ကိုလည်း စောင့်ရှောက်ရာရောက်၏။ထက္ကြိုးကြားမှုရှိနေလျှင် ရန်သူ တို့အကြံ မအောင်နိုင်ချေ။ ထို့ကြောင့် ကိုယ်ကိုယ်တိုင် ထထက္ကြွ၊ နိုးနိုးကြား ကြားနှင့် လုံ့လဝီရိယကို အရင်းစိုက်ကာ ကြိုးစားဆောင်ရွက်သင့်သည်။ စသော သင်ခန်းစာများ ရရှိပါသည်။

၇-မဟာသုပိနဇာတ်အကျဉ်းချုပ်

တစ်နေ့သောညဉ့်၏မိုးသောက်ယံ၌ ကောသလမင်းကြီးသည် တစ်ဆယ့် ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်ပြီး ထိတ်လန့်ခြင်းကြီးစွာဖြင့် နိုးလာခဲ့သည်။ နံနက်မိုးလင်းချိန်တွင် ပုဏ္ဏားတို့အား ထိုအိပ်မက်အကြောင်းကို ပြောကြားရာ ပုဏ္ဏားများက "မြတ်သောမင်းကြီး၊ ဤအိပ်မက်သည် အလွန်ပင် ကြမ်းပါသည်။ နိုင်ငံတော်၏ အန္တရာယ်၊ မိဖုရားကြီး၏ အန္တရာယ်၊ သင်မင်းကြီး၏ အသက်အန္တရာယ်၊ ဤသုံးပါးသော အန္တရာယ်တို့တွင် တစ်ပါးပါးသောအန္တရာယ် သည် ဖြစ်လိမ့်မည်'ဟု လျှောက်ထားကြသည်။

http://www.dhammadownload.com

မင်းကြီးသည် ထိုအိပ်မက်များ၏ဆိုးကျိုးများကို ဟန့်တားတားဆီးကြစေရန် ပုဏ္ဏားတို့အား တာဝန်ပေးလိုက်သည်။ ပုဏ္ဏားတို့သည် များစွာသော ဥစ္စာပစ္စည်းများနှင့် ခဲဖွယ်ဘောဇဉ်တို့ကို ရတော့မည်ဟု တွေးမိကြလျက် ဝမ်းမြောက်ဝမ်းသာ ရှိသွားကြသည်။ သူတို့သည် မင်းကြီးအား စိုးရိမ်ကြောင့်ကြတော်မမူရန် လျှောက်ထားခဲ့ကြပြီး မြို့ပြင်သို့ထွက်၍ ယဇ်ပူဇော်ရန် ပြင်ဆင်ကြလေသည်။

ခါတိုင်းရက်များနှင့်မတူ ထူးခြားစွာယောက်ယက်ခတ်နေကြသော ပုဏ္ဏားတို့ကို သတိပြုမိ၍ မလွှိုကာမိဖုရားကြီးသည် မင်းကြီးအား အကျိုးအကြောင်းကို မေးလျှောက်ရာ မင်းကြီးက မိမိမြင်မက်သော အိပ်မက်နှင့်တကွ အကြောင်းစုံကို ပြောပြလေသည်။ ထိုအခါ မိဖုရားကြီးက မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားရန် တိုက်တွန်းသဖြင့် မင်းကြီးသည် မြတ်စွာဘုရားထံမှောက်သို့ ဝင်ရောက်ကာ အကျိုးအပြစ်တို့ကို ဟောမိန့်တော်မူပါရန် လျှောက်ထားတောင်းပန်သည်။

ထိုအခါ မြတ်စွာဘုရားက မြင်မက်သောအိပ်မက်များကို တစ်ခုစီ လျှောက်ထားစေတော်မူသည်။

ထိုအခါ မင်းကြီးက . .

၁။ အရှင်ဘုရား၊ နွားနက်ဥသဘ လေးကောင်တို့သည် အရပ်လေးမျက်နှာတို့မှ မင်းရင်ပြင်သို့ တက်လာခဲ့ကြပြီး ဝှေ့ကြတော့မယောင် ပြုပြီးကာမှ မဝှေ့ကြပဲ ရှောင်ထွက်သွားခဲ့ကြသည်ဟူ၍ မြင်မက်ပါသည်'ဟု လျှောက်သည်။

ဗုဒ္ဓက၊ ဤအိပ်မက်၏အကျိုးသည် သင်နှင့် ငါဘုရား၏လက်ထက်တွင် မဖြစ်ပေါ်။ နောင်အနာဂတ်ကာလ၌ တရားမစောင့်ကြသောမင်းနှင့် ပြည်သူတို့၏လက်ထက်တွင် ဖြစ်ပေါ်လိမ့်မည်။ ထိုအချိန်၌ မိုးခေါင်မိုးပြတ်သဖြင့် ကောက်ပဲသီးနှံများ ညိုးနွမ်းပျက်စီးကြလိမ့်မည်။ မိုးသားတိမ်မည်းတို့သည် ရွာအုံ့ဘိသကဲ့သို့ အရပ်လေးမျက်နှာတို့မှ တက်လာခဲ့သော်လည်း မိုးမရွာခဲ့ပဲ ပြန်လည်၍လွင့်ပြယ်သွားကြမည့် အတိတ်နိမိတ်သာ ဖြစ်ချေသည်။

http://www.dhammadownload.com

၂။ အရှင်ဘုရား၊ မြေမှ ပေါက်ခါစ တစ်ထွာ တစ်တောင်မျှမြင့်သော သစ်ပင်ချုံနွယ်တို့သည် ပွင့်သီးကြသည်-ဟု မြင်မက်ပါသည်။

ဤအိပ်မက်၏အကျိုးသည်လည်း လူများ သက်တမ်းတိုသော ဆုတ်ကပ်ကာလ၌ လူတို့သည် ရာဂစိတ်ထက်သန်ကြသဖြင့် ငယ်ရွယ်သော အမျိုးသမီးတို့သည် အိမ်ထောင်ပြု၍ သားသမီးများ မွေးဖွားကြပေလိမ်မည်။

၃။ အရှင်ဘုရား၊ နွားမကြီးတို့သည် မွေးဖွားစဖြစ်သော နွားမငယ်တို့၏နို့ကို စို့ကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ ကြီးသူကို ငယ်သူက ရိုသေလေးစားမှု ပျောက်ကွယ်သောကာလ၌ သားသမီးစသည်တို့သည် မိဘစသော ကြီးမြင့်သူတို့အား စားရုံ၊ ဝတ်ရုံမျှ ပေးကမ်းကြပြီး အချို့က မပေးကမ်းဘဲနေကြလိမ့်မည်။ ထိုအခါ လူကြီးမိဘတို့သည် မိမိတို့ သားသမီးများ၏ အလိုဆန္ဒအတိုင်း ပြုမူဆောင်ရွက်၍ အသက်မွေးဝမ်းကျောင်းမှု ပြုကြရပေလိမ့်မည်။

၄။ အရှင်ဘုရား၊ ဝန်ကိုဆောင်ရွက်နိုင်သော နွားကြီးများကို ထမ်းပိုးမတင်ပဲ နို့စို့နို့ခွာဖြစ်သော နွားငယ်တို့ကို လှည်း၌ ကစေကာ ထိုနွားငယ်တို့သည် ဝန်ကို မဆောင်နိုင်ကြသဖြင့် လှည်းတို့ကိုလည်း မဆွဲနိုင်သည်ကို မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ တရားမစောင့်သောမင်းတို့၏ လက်ထက်၌ မင်းမှုထမ်းနိုင်စွမ်းရှိကြသော ပညာရှိတို့ကို အမှုထမ်းခွင့် မပြု၊ တရားဆုံးဖြတ်ရာဌာနတို့၌လည်း လိမ္မာကျွမ်းကျင်သူများအား နေရာချထားမပေးကြဘဲ ထိုပညာရှိများ အောက် အလွန်ငယ်ရွယ်၍ အသိပညာနုံ့သူတို့အားသာလျှင် လခရိက္ခာပေး၍ နေရာချထားပေးကြလိမ့်မည်။ ထိုအခါ အုပ်ချုပ်ရေးအာဏာစက်တို့သည် မလည်ပတ်နိုင်ပဲ တရားမဲ့မင်းတို့၏ အကျိုးစီးပွားကိုသာ ဆုတ်ယုတ်စေလိမ့်မည်။

၅။ အရှင်ဘုရား၊ မျက်နှာနှစ်ဖက်၊ ခံတွင်းနှစ်ဖက်ရှိသော မြင်းသည် နံဘေးနှစ်ဖက်တို့မှ ပေးလာသော မုယော၊ နှမ်းတို့ကို ခံတွင်းနှစ်ဖက်ဖြင့် စားသည်ဟု မြင်မက်ပါသည်။

http://www.dhammadownload.com

မင်းကြီး၊ နောင်အခါ တရားမဲ့သောမင်းတို့၏ လက်ထက်၌ တရားသူကြီး မိုက်တို့သည် တရားလို တရားခံ နှစ်ဖက်စလုံးမှလာသော လာဘ်လက်ဆောင်များကို စားသောက်ကြပေလိမ့်မည်။

၆။ အရှင်ဘုရား၊ လူတို့သည် အဖိုးတစ်သိန်းထိုက်သောရွှေခွက်ကို ကျင်ငယ်စွန့်ရန် မြေခွေးဖိုအား ပေးရာ မြေခွေးဖိုသည် ထိုရွှေခွက်၌ ကျင်ငယ်စွန့်သည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ တရားမဲ့သောမင်းတို့သည် အမျိုးကောင်းသူ၊ မျိုးရိုးမြတ်သူတို့အား ရာထူးဌာနန္တရကို မပေးကြပဲ အမျိုးယုတ်သူတို့အားသာလျှင် ပေးကြလိမ့်မည်။ အခွင့်အာဏာတို့သည်လည်း အမျိုးယုတ်သူတို့၏ လက်ဝယ်၌သာ ရှိပေလိမ့်မည်။ ထိုအခါ အမျိုးမြတ်သူတို့သည် ဆင်းရဲနွမ်းပါးကြသဖြင့် အမှီအခိုရစေရန် အမျိုးယုတ်သူတို့အား သမီးပျိုကို ပေးကြလိမ့်မည်။

၇။ အရှင်ဘုရား၊ ယောက်ျားတစ်ယောက်သည် လွန်ကြိုးကို ကျစ်၍ ခြေရင်း၌ ချထားရာ ထိုယောက်ျားထိုင်နေသော အင်းပျဉ်အောက်တွင် ရှိနေသည့် မြေခွေးမသည် လွန်ကြိုးကို တိတ်တဆိတ်ခိုးယူစားသောက်သည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောက်ကာလတွင် မိန်းမတို့သည် ကိုယ်ကျင့်သီလ ပျက်စီးကာ မိမိ၏လင်ယောက်ျားများ ပင်ပန်းကြီးစွာ ရှာဖွေထားကြရသည့် ပစ္စည်းဥစ္စာများကို လင်ယောက်ျား၏ ကွယ်ရာ၌ လင်ငယ်နှင့် ခိုးယူစားသောက်ကြလိမ့်မည်။

၈။ အရှင်ဘုရား၊ ကြီးစွာသော ရေပြည့်အိုးကြီးတစ်လုံးကို ရေမရှိသောအိုးများစွာတို့က ဝိုင်းရံ၍ နေပေသည်။ လူတို့သည် အရပ်ရှစ်မျက်နှာတို့မှ ရေကို သယ်ဆောင်ကာ ရေပြည့်အိုးကြီး၌ ထပ်၍ ထပ်၍ လောင်းထည့်ကြပါသည်။ ဝိုင်းရံထားသော ရေမဲ့အိုးများကိုမူ လောင်းထည့်သူ မရှိသည်ကို မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ ဆင်းရဲသောမင်းများ၏ လက်ထက်၌ မင်းတို့သည် ပြည်သူများကို မင်းတို့၏ အကျိုးစီးပွားအတွက်သာ ကောက်၊ ပဲ၊ ကြဲ၊ တင်လဲ၊

http://www.dhammadownload.com

ပန်းအမျိုးမျိုးနှင့် သစ်သီးစုံတို့ကို စိုက်ပျိုးစေပြီး မင်း၏ ကျီ ဂိုဒေါင်၌သာလျှင် ဖြည့်သွင်းခိုင်းကြလိမ့်မည်။ ပြည်သူတို့၏ အိမ်များမှ အချည်းနှီးသော ကျီများကို ဖြည့်ပေးသူမရှိ၍ ပြည်သူတို့ ဆင်းရဲကြလိမ့်မည်။

၉။ အရှင်ဘုရား၊ ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်ကြီးတွင် ကန်လယ်မှရေသည် နောက်၌ ကမ်းစပ်နားမှရေသည် ကြည်လင်နေသည်ကို မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ တရားပျက်သောမင်းတို့သည် ပြည်သူတို့ထံမှ နည်းမျိုးစုံဖြင့် အခွန်အတုတ်များ ကောက်ခံကြပေလိမ့်မည်။ ထိုအခါ ပြည်သူတို့သည် ပေးရန်မတတ်နိုင်ကြသဖြင့် မြို့၊ ရွာကြီးရပ်ကြီးများကို စွန့်ခွာ၍ နယ်စွန်နယ်ဖျားများတွင် သွားရောက်နေထိုင်ကြပေလိမ့်မည်။ ထို့ကြောင့် မြို့ပြများသည် ဆိတ်သုဉ်း၍ နယ်စွန်နယ်ဖျားများတွင် စည်ကားပေလိမ့်မည်။

၁၀။ အရှင်ဘုရား၊ အိုးတစ်လုံးတည်းဖြင့် ချက်သောထမင်းသည် တစ်ခြမ်းက ပျော့၍ တစ်ခြမ်းက မနပ်ပါ။ ကျန်တစ်ခြမ်းသည် ကောင်းစွာကျက်၍ ထမင်းကောင်း ဖြစ်လိမ့်မည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ တရားမစောင့်သောမင်းများ၏လက်ထက်၌ မိုးသည် ညီမျှစွာမရွာသဖြင့် အချို့အရပ်တွင် မိုးခေါင်၍၊ အချို့အရပ်တွင် မိုးလွန်ပြီး၊ အချို့အရပ်တွင် မိုးမှန်ပေလိမ့်မည်။ မိုးခေါင်ရာဒေသ၌ ကောက်ပင်တို့သည် ညှိုးနွမ်းကြပြီး၊ မိုးလွန်ရာဒေသ၌ ကောက်ပင်တို့သည် ပျက်စီးကြကာ၊ မိုးမှန်ရာဒေသ၌ သာလျှင် ကောက်စပါး စသည်တို့ ဖြစ်ထွန်းပေလိမ့်မည်။

၁၁။ အရှင်ဘုရား၊ အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ပုတ်ရည်ဖြင့် ရောင်းစားသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ ငါဘုရား၏ သာသနာတော် ဆုတ်ယုတ်ချိန်တွင် ပစ္စည်း၌ လော်လီကြသည့် အလဇ္ဇီရဟန်းတို့သည် သင်္ကန်းအစရှိသော ပစ္စည်း

http://www.dhammadownload.com

လာဘ်လာဘများကို မျှော်လင့်၍လည်းကောင်း၊ အသပြာမက် ရဟန်းပျက်အချို့တို့သည် လမ်းဆုံလမ်းမ နေရာတို့၌ ကျပ်၊ ပြား၊ မူး၊ မတ်စသော အသပြာများကို လိုလား၍လည်ကောင်း တရားဟောကြားကြပေလိမ့်မည်။ အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ပုတ်ရည်ဖြင့် ရောင်းစားသကဲ့သို့ နိဗ္ဗာန်တည်းဟူသော တန်ဖိုးရှိသော ငါဘုရား၏ တရားဒေသနာတော်များကိုလည်း ပစ္စည်းလေးပါး လာဘ်လာဘကို မျှော်လင့်၍ ဟောကြားကြပေလိမ့်မည်။

၁၂။ အရှင်ဘုရား၊ ဘူးတောင်းတို့သည် ရေထဲတွင် မြုပ်နေကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ ဂရားမစောင့်သောမင်းတို့လက်ထက်၌ ဘူးတောင်းနှင့်တူသည့် လူယုတ်လူဖျင်း၊ သီလမရှိသည့် ရဟန်းယုတ်တို့၏ စကားသည်သာ လျှင် အရာရာတိုင်းတွင် အောင်မြင်၍ လူလိမ္မာပညာရှိတို့၏ စကားသည်ကား တန်ဖိုးမရှိ ဖြစ်လိမ့်မည်။

၁၃။ အရှင်ဘုရား၊ အိမ်လုံးမျှ ပမာဏရှိသော ကျောက်ဖျာကြီးသည် ရေ၌ ပေါ်သည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ တရားမစောင့်သောမင်းတို့၏ လက်ထက်၌ အမျိုးယုတ်သူများ သာလျှင် အရာဌာနတိုင်းတွင် ထင်ရှားလူသိများကာ အရိုအသေပြုခြင်းကို ခံကြ ရပေလိမ့်မည်။ ပညာရှိလူလိမ္မာ၊ ရဟန်းလိမ္မာများ၏ ပြောစကားများသည်ကား သြဇာသက်ရောက်မှုမရှိဘဲ လူယုတ်တို့၏ပြက်ရယ်ပြုခြင်းကို ခံကြရပေလိမ့်မည်။

၁၄။ အရှင်ဘုရား၊ ဖားမငယ်တို့သည် မြွေဟောက်များကို ဖမ်းယူစားသောက်ကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ လူတို့သက်တမ်းဆုတ်သော နောင်အခါ၌ ရာဂစိတ်ပြင်းထန်သဖြင့် အလွန်ငယ်ရွယ်သော မယားများကိုယူ၍ လွန်စွာ အလိုလိုက်ကြပေလိမ့်မည်။ မယားများသည် မိမိတို့၏လင်ယောက်ျားအပေါ်၌ ရိုသေခန့်ငြားမှု မရှိကြ

http://www.dhammadownload.com

ပဲ ဆဲရေးတိုင်းထွာကြကာ ကျွန်အစေအပါးသဖွယ် ဆက်ဆံကြလိမ့်မည်။

၁၅။ အရှင်ဘုရား၊ ကျီးငှက်များကို ရွှေဟင်္သာများက ဝိုင်းရံ၍ ခစားနေကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ၌ မင်းတို့သည် အမျိုးကောင်းသားတို့အား ရာထူးဌာနန္တရများ မပေးကြဘဲ ဆတ္တာသည် (ဆံပင်ရိတ်သမား) အစရှိသော သူတို့အားသာလျှင် ပေးကြပေလိမ့်မည်။ ထို့ကြောင့် အမျိုးမြတ်သူတို့သည် အာဏာရှိသူ အမျိုးယုတ်တို့အား ဝိုင်းရံ၍ ခစားကြရလိမ့်မည်။

၁၆။ အရှင်ဘုရား၊ ဆိတ်တို့သည် သစ်တို့ကို စားကြသဖြင့် သစ်တို့သည် ဆိတ်တို့ကို ကြောက်သဖြင့် အဝေးသို့ ပြေးကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ တရားမစောင့်သောမင်းတို့၏ လက်ထက်၌ အမျိုးယုတ်သူတို့သည် မင်းနှင့်ချစ်ကျွမ်းဝင်ကြကာ မင်းနှင့်ပေါင်း၍ အမျိုးမြတ်သူများကို နှိပ်စက်ကြလိမ့်မည်။ ထို့ကြောင့် အမျိုးယုတ်သောသူတို့သည်ရင်း၊ အကျင့်ယုတ်သောရဟန်းများသည်ရင်း နှိပ်စက်ကြသဖြင့် အမျိုးမြတ်သူ၊ သီလရှိသူတို့သည် ဝေးရာသို့ပြေးရှောင်ကြလိမ့်မည်။ တောချုံများသို့ဝင်၍ပုန်းနေကြလိမ့်မည်။

မင်းကြီး၊ ဤအိပ်မက်ဟူသောအကြောင်းကြောင့် သင်မင်းကြီးတွင် ဘေးမရှိ။ ဤအိပ်မက်များသည် အနာဂတ်ကာလကို စွဲ၍မြင်မက်သော အိပ်မက်များ ချည်းဖြစ်သည်။ ပုဏ္ဏားတို့သည် များစွာသောဥစ္စာတို့ကို ရလိုကြ၍ မဟုတ်မှန်ပြောဆိုကြခြင်းသာဖြစ်သည်။

မြတ်စွာဘုရားသည် ကောသလမင်း၏တစ်ဆယ့်ခြောက်ချက်သော အိပ်မက်များကို ဤသို့ ဟောကြားတော်မူပြီးလျှင် 'မင်းကြီး ယခုဘဝ၌ သင်မင်းကြီးသာလျှင် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်သည်မဟုတ်၊ ရှေးမင်းတို့သည်လည်း မြင်မက်ဖူးကြကုန်ပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင် နေလေသည်။ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် ကောသလမင်းကဲ့သို့ပင် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်တို့ကို မြင်မက်ခဲ့ရာ ပုဏ္ဏားများသည် ယဇ်ပူဇော်ရန် ပြင်ဆင်ကြသည်။ ပုရောဟိတ်၏ ပညာရှိလူလိမ္မာ တပည့်တစ်ယောက်က ထိုယဇ်ပူဇော်ခြင်းကို မနှစ်သက်၍ 'ဆရာ ဗေဒင်ကျမ်းတို့၌ တစ်ယောက်သောသူသတ်၍ တစ်ယောက်သော သူအား ချမ်းသာစေခြင်းကို ခွင့်ပြုပါ၏လော'ဟု မေးသည်။ သို့ရာတွင် ဆရာသည် မင်းထံမှ ဥစ္စာများစွာတို့ကို ရယူလိုသဖြင့် သူ့စကားကို လက်မခံခဲ့ပေ။ ထို့ကြောင့် တပည့်လူငယ်သည် ဆရာ့ထံမှထွက်ခွာကာ မင်းဥယျာဉ်တော်သို့ ရောက်လာခဲ့သည်။

ထိုအချိန်တွင် ဟိမဝန္တာ၌နေသော ဘုရားလောင်းရသေ့သည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ၍ မင်းဥယျာဉ်တွင်းရှိ မဂ်လာကျောက်ဖျာပေါ်၌ ထိုင်နေသည်။ နန်းတွင်းမှ ထွက်လာခဲ့သော တပည့်လူငယ်သည် ဥယျာဉ်အတွင်း၌ ရသေ့ကြီးနှင့် တွေ့ဆုံ၏။ ရသေ့ကြီးက 'မင်းသည် တရားသဖြင့် မင်းပြုပါ၏လော' ဟုမေးရာ လူငယ်က 'မင်းသည် တရားစောင့်ပါသည်။ သို့ရာတွင် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်များကို မြင်မက်၍ ပုဏ္ဏားများက ယဇ်ပူဇော်ရန် ပြင်ဆင်နေကြပါသည်။ အိပ်မက်များ၏ အကျိုးသွားများကို အရှင်ဘုရားသည် မင်းအား သိစေ၍ သတ္တဝါများအား ကယ်တော်မူပါ'ဟု လျှောက်ထားလေသည်။

ရသေ့ကြီးက 'မင်းသည် ငါ့ထံလာမေးခဲ့လျှင် ငါသည် ထိုအိပ်မက်များ၏ အကျိုးများကို ဟောကြားမည်'ဟု ဆိုသည်။ ထို့ကြောင့် လူငယ်သည် နန်းတွင်းသို့ပြန်သွားပြီး မင်းကြီးကိုခေါ်ဆောင်၍ ပြန်ရောက်လာသည်။ ရသေ့က မင်းကြီးအား အိပ်မက်များကို လျှောက်ထားစေခိုင်းရာ မင်းကြီးသည် ကောသလမင်းကြီး မြင်မက်သော အိပ်မက်များအတိုင်းပင် လျှောက်ဆိုသည်။ ထိုအခါ ရသေ့ကလည်း အိပ်မက်၏အကျိုးသွားများကို မြတ်စွာဘုရား ဖြေဆိုတော်မူသည်နှင့်အတူ ဖြေဆိုတော်မူသည်။ ထိုအဖြေများကြောင့်ပင် မျှားစွာသော ယဇ်ကောင်များသည်လည်း သေဘေးမှ လွတ်မြောက်ခဲ့ကြလေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် ဗာရာဏသီမင်းသည် အရှင်အာနန္ဒာ၊ တပည့်လုလင်သည် အရှင်သာရိပုတ္တရာ၊ ရသေ့သည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

လူတို့သည် အကျင့်စာရိတ္တပျက်လျှင် သဘာဝဘေးဒဏ်များ ကျရောက်ကြောင့်တွေ့ရတတ်ကုန်၏။ အသိဉာဏ်ဗဟုသုတနည်းပါးသူတို့သည် ဗေဒင်ဆရာတို့၏ဟောပြောချက်များကို ယုံကြည်ကာ ဗေဒင်ဆရာတို့ကို အားကိုးကြသဖြင့် အချိန်ကုန်လူပန်း၍ စီးပွားပျက်တတ်ကြ၏။ ပညာရှိတို့၏ပြောစကားကို လိုက်နာကျင့်သုံးမှသာလျှင် ကောင်းကျိုးချမ်းသာရနိုင်၏။ ပညာရှိတစ်ဦးရှိလျှင် သတ္တဝါအများ ချမ်းသာနိုင်သည်။ ကိုယ်စိတ်ချမ်းသာရေးအတွက် ဖြောင့်မတ်မှန်ကန်သူ ပညာရှိသူတော်ကောင်းကို တွေ့အောင်ရှာဖွေ ချဉ်းကပ်၍ ဆက်ဆံပေါင်းသင်းသင့်၏။ စသော သင်ခန်းစာများကို ရရှိပါသည်။

၈-ဣလ္လီသဇာတ်အကျဉ်းချုပ်

သူတစ်ပါးပေးကမ်းရမည်စိုးရိမ်၍ ဘုံခုနစ်ဆင့်သို့တက်ပြီး မယားနှင့်အတူ မုန့်ကြော်စားရာသို့ အရှင်မဟာမောဂ္ဂလာန်မထေရ် ကြွလာ၍ အလှူခံတော်မူသည်။ မလွဲသာ၍ လှူရန် မုန့်သေးသေးကြော်ရာ အကြီးကြီးချည်း ဖြစ်နေပြီး နောက်ဆုံး တစ်တောင်းလုံးလှူဒါန်းလိုက်ရာ အရှင်မောဂ္ဂလာန်က တရားဟောသဖြင့် မစ္ဆရိယသူဌေးကြီး အကျွတ်တရားရသွားသည်။ ဤအကြောင်းနှင့် ပတ်သက်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဆတ္တာသည် ဆံပင်ရိတ်သမားမျိုး၌ ဖြစ်လေသည်။ ထိုမြို့၌ ဣလ္လီသမည်သော ကုဋေရှစ်ဆယ်ကြွယ်ဝသူ သူဌေးကြီးတစ်ဦး ရှိခဲ့လေသည်။ သူသည် သူယုတ်တို့၏ လက္ခဏာများနှင့် ပြည့်စုံသည်။ ခြေခွင်သည်။ လက်ကောက်သည်။ မျက်လုံး

http://www.dhammadownload.com

စွေသည်။ သဒ္ဓါတရားမရှိ။ ဝန်တိုတတ်သည်။ သူပိုင်ပစ္စည်းဥစ္စာများကို မိမိလည်း မသုံး သူတစ်ပါးကိုလည်း ပေးကမ်းလေ့မရှိချေ။ သို့ရာတွင် သူ၏ မိဘများသည် မျိုးရိုးခုနစ်ဆက်တိုင်အောင် အလျှုရှင်များ ဖြစ်ခဲ့ကြသည်။ သူသည် သူဌေးအရာကို ရသည်ဆိုလျှင်ပင် မိဘများ ဆောက်လုပ်ထားခဲ့သော အလျှုမဏ္ဍပ်ကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

တစ်နေ့တွင် ဣလ္လိသသူဌေးသည် မင်းကို ခစားရာမှ ပြန်လာရာတွင် လူတစ်ယောက်အရက်သောက်နေသည်ကို မြင်ခဲ့ရာမှ သူလည်း အရက်သောက်ချင်လေ၏။ သူတစ်ပါးအားပေးရမည်စိုးရိမ်၍ အခိုင်းအစေများအား အသပြာတစ်ပဲ ပေး၍ အရက်ဝယ်စေပြီး မြို့အပြင်က ချုံတစ်ခုထဲ၌ သွား၍သောက်လေသည်။

ထိုအချိန်တွင် ဣလ္လိသ၏ အဖသည် နတ်ပြည်၌ သိကြားမင်းဖြစ်လျက်ရှိရာ 'ငါသည် ဣလ္လိသအား ကံကံ၏အကျိုးတရားများကို သိစေ၍ အလျှုဒါနများ ပြုစေမည်'ဟု နှလုံးသွင်းလျက် လူ့ပြည်သို့ ဆင်းလာခဲ့သည်။ ထို့နောက် ဣလ္လိသနှင့်တူစွာ ဖန်ဆင်း၍ နန်းတော်ထဲသို့ဝင်ကာ မိမိပိုင်ဆိုင်သည့် ကုဋေရှစ်ဆယ် တန်ဖိုးရှိသော ဥစ္စာများကို အရှင်မင်းကြီးအား ဆက်သလိုပါသည်ဟု လျှောက်တင်သည်။ မင်းက လက်မခံသဖြင့် သိကြားမင်းက အရှင်မင်းကြီး လက်မခံလျှင် စိတ်ရှိတိုင်းအလျှုပေးမည်ဟုဆို၍ ဣလ္လိသသူဌေးအိမ်သို့ လာခဲ့သည်။ အိမ်သို့ရောက်လျှင် တံခါးမှူးကိုခေါ်၍ 'အကယ်၍ ငါနှင့်ရုပ်ချင်းတူသူ တစ်ဦးဦး လာ၍ ဤအိမ်သည် ငါ့အိမ်ဟု ဆိုပြီး အိမ်ထဲဝင်လာလျှင် ထိုသူအား ကျောကုန်းကို ကြိမ်ဖြင့်ရိုက်၍ နှင်ထုတ်လော့'ဟု မှာထားခဲ့သည်။

ထို့နောက် သူဌေးကတော်ကိုခေါ်၍ အလျှုပေးကြရန် ပြောဆိုရာ သူဌေးကတော်က သဘောတူသည်။ သိကြားမင်းသည် စည်တီးသမားကို တစ်မြို့လုံး စည်လည်စေ၍ ရတနာတိုက်တို့ကို ဖွင့်ပေးကာ အလိုရှိသူတိုင်း ယူကြကုန်ဟု လျှုဒါန်းလေသည်။

http://www.dhammadownload.com

ကျေးလက်ရွာသားတစ်ယောက်သည် ဣလျိသသူဌေး၏ လှည်း နွားတို့ဖြင့် ရတနာတို့ကို တင်ဆောင်ကာ လှည်းကို မောင်း၍လာခဲ့သည်။ ဣလျိသသူဌေး အရက်သောက်နေသော ချိုအနီးသို့အရောက်တွင် 'သူဌေး ငါသည် သင့်ကိုမှီ၍ အသက်ထက်ဆုံးချမ်းသာခဲ့ပြီး ဤလှည်း၊ ဤနွား၊ ဤရတနာတို့ကား သင်၏ ဥစ္စာတည်း ငါ့မိဘတို့ပေးသောဥစ္စာမဟုတ်။ သင့်ကိုမှီ၍ ရအပ်သော ဥစ္စာများ ဖြစ်သည်။ အရှင်သူဌေးကြီး သင်သည် သက်တော်ရာကျော်ရှည်ပါစေသတည်း' ဟု ကျေးဇူးတင်စကား ပြောဆို၍ သွားလေသည်။

ဣလျိသသည် ထိုအသံကို ကြားရလျှင် ဤသည်တို့သည် ငါ့နွားနှင့် ငါ့လှည်းတည်းဟု နှုတ်မှ ဆိုသည်။ ထိုအခါ ရွာသားသည် လှည်းပေါ်မှ ခုန်ဆင်းလာကာ 'ဟယ်ကျွန်ယုတ်၊ ဣလျိသသူဌေးကြီးသည် မြို့သူမြို့သားများကို အလှူပေးနေသည်။ သင်သည် အဘယ်သို့ ဖြစ်နေရသနည်း'ဟု ပြောပြီးလျှင် ဣလျိသကို တွန်းထိုးရိုက်ပုတ်ပစ်ခဲ့သည်။ ဣလျိသလည်း အမူးပြေသွားလျှင် အိမ်သို့ အမြန်ပြန်လာခဲ့ရာ တံခါးမှူးသည် သူ့အား အိမ်တွင်းသို့ ဝင်ခွင့်မပေး။ သို့ဖြင့် သူသည် မင်းထံသို့သွား၍ အလှူပေးသူမှာ သူမဟုတ်ရကြောင်း၊ အလှူပေးသူကို ခေါ်ယူ စစ်ဆေးမှုပြုရန် လျှောက်တင်သည်။

ထို့ကြောင့် မင်းသည် အလှူပေးနေသူကို ခေါ်စေသည်။ ရှေ့တော်သို့ ရောက်သောအခါ မည်သူက ဣလျိသ အစစ်ဖြစ်သည်ကို တစ်စုံတစ်ယောက်မျှ မသိနိုင်ကြ။ ဣလျိသ၏ ဇနီး၊ သားသမီးများကမူ သိကြားမင်းကိုသာ ဣလျိသ အစစ်ဖြစ်ကြောင်းကို ထောက်ခံကြသည်။ ထိုအခါ ဣလျိသသည် သူ့ခေါင်းပေါ်တွင် မ့ဲတစ်လုံး ရှိပါသည်။ ယင်းမ့ဲကို ဆံပင်ရိတ်သမားအား ခေါ်၍ စစ်ဆေးတော်မူပါဟု မင်းအား လျှောက်သည်။ မင်းသည် ဆံပင်ရိတ်သမားကို ခေါ်၍ ရွှေးစေခိုင်းရာ နှစ်ယောက်စလုံး၏ ခေါင်းပေါ်တွင် နေရာတူ၊ အရွယ်တူ၊ မ့ဲတစ်လုံးစီ တွေ့ရသဖြင့် ဆံပင်ရိတ်သမားလည်း မရွှေးတတ် ဖြစ်နေ၏။ ဣလျိသအစစ်သည် ဆောက်တည်ရာမရဖြစ်ပြီး ဥစ္စာဇောကြောင့် သတိမေ့၍လဲကျသွားလေသည်။

http://www.dhammadownload.com

ထိုအခါ သိကြားမင်းသည် ဣလ္လိသမဟုတ်၊ သိကြားမင်းဖြစ်ကြောင်းကို မင်းအား သိစေသည်။ ဣလ္လိသ သတိရလာချိန်တွင် သိကြားမင်းက ဣလ္လိသ ဤဥစ္စာပစ္စည်းများသည် သင့်ဥစ္စာပစ္စည်းများမဟုတ်။ ငါရှာဖွေထားခဲ့သည့် ငါ၏ ဥစ္စာပစ္စည်းများပေတည်း။ သင်သည် ငါ၏မျိုးကိုဖျက်၍ အလျှုမဏ္ဍပ်ကို ဖျက်ဆီး ခဲ့ပြီး အလျှုခံများကို နှင်ထုတ်ခဲ့သည်။ ဥစ္စာများကိုသာ စောင့်ရှောက်နေသည်။ သင်သည် ငါ၏ အလျှုမဏ္ဍပ်ကို ပြန်လည်တည်ဆောက်၍ အလျှုဒါနပေးလျှုရ မည်။ မပေးလျှုပါက အားလုံးသော သင်ပိုင်သည့်ဥစ္စာများကို ကွယ်စေ၍ သင့် ဦးခေါင်းကို ဝရဇိန်လက်နက်ဖြင့် ပစ်ခွဲမည် 'ဟု ပြောလေသည်။

ဣလ္လိသသည် လွန်စွာပင် ကြောက်ရွံ့လျက် 'ယနေ့မှစ၍ အလျှုဒါနပြုပါ တော့မည်ဟု ဝန်ခံစကားဆိုသည်။ ဝန်ခံသည့်အတိုင်းလည်း အသက်ထက်ဆုံး အလျှုဒါနပြုလုပ်ရာ ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်ခဲ့ရလေသည်။

ဇာတ်ပေါင်းသော် ဣလ္လိသသူဌေးသည် မစ္ဆရိယသူဌေး။ သိကြားမင်း သည် အရှင်မဟာမောဂ္ဂလာန်။ ဆတ္တာသည်သည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ပစ္စည်းဥစ္စာ ကြွယ်ဝလျက် လျှုဒါန်းမှုမပြုလျှင် ရက္ခိုသ်စောင့်သော ရေ ကန်မှ ရေနှင့်တူ၏။ မစ္ဆရိယစိတ် လွန်ကဲသူတို့သည် မိမိပစ္စည်းဥစ္စာများကို သူတစ်ပါးတို့အား မပေးကမ်းတတ်ကုန်။ မစ္ဆရိယစိတ်ကို ပယ်ခွါမှ စွန့်ကြဲပေး ကမ်းနိုင်၏။ လူတို့သည် ဘဝသံသရာ ရိက္ခာအတွက် အလျှုဒါနကို မဖြစ်မနေ ပြုကြရ၏။ အလျှုဒါနပြုကြသူတို့သည် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာ ကို ရရှိနိုင်ကုန်၏။ မိဘဘိုးဘွားများ၏အမွေအနှစ်ဖြစ်သော ကောင်းမှုကုသိုလ် ပြုခြင်း၏ အစဉ်အလာကို သားစဉ်မြေးဆက် ပြုလုပ်ထိန်းသိမ်းရမည်။ မိဘဘိုး ဘွားတို့၏ အစဉ်အလာကောင်းကို မဖျက်ကောင်းပေ။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၉-ခရသရဇာတ်အကျဉ်းချုပ်

ကောသလမင်းကြီး၏ အကြိုက်ကိုလိုက်၍ ရွာသူရွာသားများကို အခွန်အကုတ်ဖြင့် ဆင်းရဲစေသော နယ်ခြားစောင့်အမတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ကုန်သည်မျိုး၌ဖြစ်လေသည်။ ပြဟ္မဒတ်မင်းကြီးသည် အမတ်တစ်ယောက်အား နယ်စွန်နယ်ဖျားရှိ ကျေးရွာတစ်ရွာကို အုပ်ချုပ်ရန် တာဝန်ပေးအပ်ထားရာ ထိုအမတ်သည် သူခိုးများနှင့် တိုင်ပင်ကာ ရွာသားတို့ကို တောထဲသို့ ခေါ်ယူသည်။ ထိုအခိုက်တွင် သူခိုးများသည် ရွာထဲသို့ဝင်ကာ နွားများကို သတ်၍ စားကြပြီး လျှင် ပစ္စည်းဥစ္စာတို့ကို ယူဆောင်သွားကြလေသည်။ ထိုအချိန်တွင် ဘုရားလောင်းသည် ရောင်းဝယ်ရေးကိစ္စဖြင့် ထိုရွာသို့ ရောက်နေချိန်ဖြစ်သည်။ အမတ်သည် ညနေချမ်းတွင် ရွာသားများနှင့်အတူ စည်တီး၍ တောထဲမှ ပြန်လာသည်။ ဤတွင် ဘုရားလောင်းကုန်သည်က 'ဤအမတ်ယုတ်သည် ဓားပြများအား ရွာကို လုယက်စေခဲ့သည်။ ဓားပြများ ပြန်ထွက်သွားချိန်တွင် ငြိမ်သက်အေးဆေးစွာဖြင့် စည်ကြီးကိုတီး၍ ပြန်လာခဲ့သည်'ဟု ဆိုလေသည်။ မကြာမီ ဖောက်ပြန်သော နယ်ခြားစောင့်အမတ်မှာ မင်းပြစ်မင်းဒဏ် သင့်သွားလေသည်။

ဇာတ်ပေါင်းသော် ယခင်အမတ်သည် ယခုအမတ်။ ပညာရှိကုန်သည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ယုတ်ညံ့သော မင်းမှူထမ်းတို့သည် နိုင်ငံ၏ဆူးငြောင့်ခလုတ်နှင့်တူသော အဖျက်သမားများ ဖြစ်ကြသည်။ သူတို့သည် လူဆိုးသူခိုးတို့နှင့် ပူးပေါင်းကြံစည်၍ လူကောင်းသူကောင်းများကို နိုင်ထက်စီးနင်း လုယက်ဖျက်ဆီးတတ်ကြကုန်၏။ မသမာမှုကို ပြုမိသော် နောက်ဆုံး၌ အမှုပေါ်စမြဲဖြစ်သည်။ မကောင်းကြံ

http://www.dhammadownload.com

လျှင် မကောင်းဒဏ် ခံရစမြဲဖြစ်သဖြင့် မကောင်းမှုကို မပြုမိအောင် ကြိုးစားသင့်သည်၊ စသောသင်ခန်းစာများ ရရှိပါသည်။

၁၀-ဘီမသေနဇာတ်အကျဉ်းချုပ်

ကြွားဝါပလွှားရှိ သူတစ်ပါးကို ကဲ့ရဲ့တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအကိတ်ဇာတ်ကို ဟောတော်မူလေသည်။

ရှေးအခါ ဗာရာဏသီပြည် ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် စူဠဓနုဂ္ဂဟ ဟူသောအမည်ဖြင့် ဥဒီစ္စပုဏ္ဏားမျိုး၌ ဖြစ်လေသည်။ အနည်းငယ်ပုကွ၍ ကုန်းသော ခန္ဓာကိုယ်ရှိသည်။ အရွယ်ရောက်ချိန်တွင် တက္ကသိုလ်ပြည်၌ ပညာစုံသင်ယူခဲ့ပြီးနောက် 'မဟာသကတိုင်း'သို့ ထွက်လာခဲ့သည်။

စူဠဓနုဂ္ဂဟသည် ကိုယ်ခန္ဓာ ပုကွသဖြင့် သူ့အား လူအများက ယုံကြည်အားထားမှု မပြုနိုင်သည်ကို သိသည်။ အလုံးအရပ်နှင့်ပြည့်စုံခန့်ညားသူ တစ်ဦးကို မှီခိုရှာဝရပ်တည်မှုပြုရန် ကြံရွယ်ချက်ဖြင့် လိုက်၍ရှာရာ 'ဘီမသေန'အမည်ရှိသော ရက်ကန်းသမားတစ်ယောက်ကို တွေ့သည်။ စူဠဓနုဂ္ဂဟသည် ထိုလူနှင့် မိတ်ဖွဲ့ပြီးနောက် 'မိတ်ဆွေ ဇမ္ဗူဒီပ်ကျွန်း၌ ငါနှင့်တူသော လေးသမားသည် မရှိ။ ငါ၏ခန္ဓာကိုယ်သည် ပုနေသဖြင့် ဝဲ့စွမ်းအားကို ယုံကြည်မည်မဟုတ်။ ထို့ကြောင့် သင်သည် မင်းတစ်ပါးပါးထံဝင်၍ အကျွန်ုပ်သည် လေးသမားဖြစ်သည်။ လေးအတတ်ဖြင့် ခစားရန် လာပါသည်ဟု လျှောက်ထားလော့။ ငါသည် ပြုဖွယ်ကိစ္စ ဟူသမျှကို ထမ်းဆောင်ပေးမည်'ဟုပြောရာ ဘီမသေနလည်း သဘောတူသည်။

သူတို့နှစ်ယောက်သည် ပြဟ္မဒတ်မင်းကြီးထံ ဝင်ရောက်ကာ မင်းကြီးအား ဘီမသေနက လျှောက်ထားသည်။ မင်းကြီးက 'လခရိကွာ မည်မျှရလျှင် ခစားနိုင်အုံ့နည်း'ဟုမေးရာ 'လဝက်တွင် အသပြာတစ်ထောင်ရလျှင် ခစားနိုင်ပါသည်' ဟု ဘီမသေနက လျှောက်ထားသည်။ ထို့နောက် နောက်တွင် ကပ်၍နေသော စူဠဓနုဂ္ဂဟနှင့် မည်သို့တော်စပ်သနည်းဟု မေးပြန်ရာ အကျွန်ုပ်၏ အစေအပါး

http://www.dhammadownload.com

ဖြစ်ပါသည်ဟု တင်လျှောက်လေသည်။ ထိုအချိန်မှစ၍ ဘီမသေနသည် မင်းမှ ထမ်းဖြစ်သွားသည်။

တစ်နေ့တွင် မင်းသည် ဘီမသေနကိုခေါ်၍ ကာသီတိုင်းအတွင်း တောတစ်တောတွင် ထကြွသောင်းကျန်းနေသော ကျားရဲကြီးတစ်ကောင်ကို သွားရောက်နှိမ်နင်းရန် တာဝန်ပေးလိုက်သည်။ ဘီမသေနသည် အိမ်သို့ ပြန်လာ၍ ထိုအကြောင်းကို စူဠဓနုဂ္ဂဟအား ပြောပြသည်။

စူဠဓနုဂ္ဂဟက 'အကျွန်ုပ် လိုက်ပါရန် မလိုပါ။ ကျားကို ဖမ်းယူရမည့်နည်းကိုသာ ညွှန်ကြားပေးလိုက်မည်။ ရွာသားများကို စုခေါ်၍ ကျားရှိရာသို့ သွားရမည်။ ရွာသားများသည် ကျားကို ရိုက်ပုတ်ထိုးခုတ်၍ ဖမ်းယူကြလိမ့်မည်။ ကျားသေပြီးချိန်တွင်မှ သင်က နွယ်ကြိုးတစ်ချောင်းကို ယူ၍ ကျားသေရှိရာသို့ ပြေးသွားပြီးလျှင် ငါသည် ဤကျားကို အရှင်ဖမ်းယူရန် နွယ်ရှာသွားလေနေသည်။ ငါမရောက်မီ အဘယ်သူသတ်သနည်းဟု ဆိုလော့။ ထိုအခါ ရွာသားများသည် ကြောက်လန့်သွားကြလိမ့်မည်။ ကျားကို သူတို့ သတ်ကြကြောင်းကို မင်းအား မလျှောက်ပါရန် သင့်အားဥစ္စာပေး၍ နှုတ်ပိတ်လိမ့်မည်။ ဤတွင် ကျားကို ဖမ်းသူမှာ သင်သာလျှင် ဖြစ်လာလိမ့်မည်ဟု သင်ကြားပေးလိုက်သည်။

ဘီမသေနသည် စူဠဓနုဂ္ဂဟ မှာကြားသည့်နည်းအတိုင်း ကျားကိုဖမ်း၍ ပြန်လာရာ မင်းကြီးသည် သူ့အား စည်းစိမ်ဥစ္စာများကို တိုး၍ချီးမြှင့်လိုက်သည်။ မကြာမီ လမ်းတစ်လမ်း၌ ကျွဲရိုင်းကြီးတစ်ကောင် ထကြွပြန်ရာ ဘီမသေနသည် စူဠဓနုဂ္ဂဟ ပေးသည့်နည်းဖြင့် နှိမ်နင်းအောင်မြင်ခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင် မင်းကြီးသည် ဘီမသေနကို ရှေးကထက်ပိုမို ချီးမြှောက်ကာ စည်းစိမ်ဥစ္စာများ အပ်နှင်းသည်။ ထိုအခါ ဘီမသေနသည် စည်းစိမ်ယစ်မူးပြီး စူဠဓနုဂ္ဂဟကို မထီမဲ့မြင်ပြုလာသည်။ မကြာမီ အိမ်နီးချင်းမင်းတစ်ပါးသည် ဗာရာဏသီကိုဝိုင်းရံ လျှက် 'ပြည်ကိုပင် အပ်မည်လော၊ စစ်မက်ဖက်ပြိုင်ခြင်းကို ပြုမည်လော့'ဟု

http://www.dhammadownload.com

ရာဇသံပို့လေသည်။ ထိုအခါ မင်းကြီးသည် ဘီမသေနကို စစ်တိုက်စေခိုင်းရာ ဘီမသေနသည် ချပ်ဝတ်တန်ဆာဆင်၍ ဆင်ကျောကုန်းပေါ်သို့ တက်သည်။ စူဌမနုဂ္ဂဟလည်း ချပ်ဝတ်တန်ဆာဆင်၍ ဆင်ပေါ်တွင် ဘီမသေန၏ နောက်မှ ကပ်ထိုင်လျက် စစ်မြေသို့ လိုက်ပါလာခဲ့သည်။

စစ်မြေသို့ ရောက်သည်ဆိုလျှင် ဘီမသေနသည် တုန်လှုပ်ချောက်ချားလာသည်။ ထို့ကြောင့် စူဌမနုဂ္ဂဟသည် ဆင်ပေါ်မှ ကျမသွားစေရန် သူ့ကို ကြိုးနှင့် တုပ်နှောင်ထားလိုက်သည်။ သို့သော်မရ၊ နောက်ဆုံးတွင် ဆင် ပေါ်မှ ချပေးကာ အိမ်သို့ပြန်ရန် စေခိုင်းရလိုက်သည်။ စူဌမနုဂ္ဂဟက ဆက်၍စစ်တိုက်ရာ ရန်သူမင်းကို အရှင်ဖမ်း၍ ဗာရာဏသီမင်းထံ အပ်နှံလိုက်သည်။

ထိုအခါ မင်းသည် စူဌမနုဂ္ဂဟကို ကြီးစွာသော စည်းစိမ်များ ပေးအပ်လိုက်လျှင် စူဌမနုဂ္ဂဟပဏ္ဍိတဟူ၍ ထင်ရှားကျော်ကြားသွားလေသည်။

ဇာတ်ပေါင်းသော် ဘီမသေနသည် ရှုတ်ချတတ်သောရဟန်း၊ စူဌမနုဂ္ဂဟပဏ္ဍိတသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

လူပြောမသန်၊ လူသန်မပြော ဆိုရိုးစကားကဲ့သို့ အပြောကြီးသူတို့သည် တကယ်အလုပ် လုပ်ကြသူများမဟုတ်၊ ရှေ့စကားနှင့် နောက်စကား ညီညွတ်အောင် မဆောင်ရွက်နိုင်ကြပေ။ အတတ်ပညာပြည့်စုံသော်လည်း ဥပမိရုပ်ခို့တဲ့ တဲ့သူတို့သည် တစ်ခါတစ်ရံ အလုပ်မှန်ရရန် ခက်ခဲတတ်ကြ၏။ မိမိတတ်ထားသောပညာကို အခါအခွင့်ကြုံခိုက် ထင်ရှားစွာ ပြသနိုင်ရန် ကြိုးစားသင့်၏။ မိမိအား ကူညီစောင့်ရှောက်သူကို ပြန်လည်၍ ကူညီဆောင်ရွက်သင့်၏။ အယောင်ဆောင်သူသည် ခဏသာ အောင်မြင်သဖြင့် အစစ်အမှန်နှင့်တွေ့လျှင် ဘေးတွေ့ရမည်သာ စသော သင်ခန်းစာများကို ရရှိပါသည်။

http://www.dhammadownload.com

၉-အပါယိမ္ဘဝဂ်

၁-သုရာပါနဇာတ်အကျဉ်းချုပ်

ရဟန်းတော်များသည် သာဂတထေရ်၏ အကြောင်းနှင့် ပတ်သက်၍ လည်းကောင်း အရက်သောက်ခြင်း၏အပြစ်နှင့်စပ်လျဉ်း၍လည်းကောင်း ပြောဆိုကြခြင်းနှင့် ပတ်သက်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဈာန်ရရသေ့အဖြစ်ဖြင့် တပည့်ရသေ့ ငါးရာတို့နှင့်အတူ ဟိမဝန္တာတွင် နေလေသည်။ တစ်ခုသောမိုးရာသီတွင် တပည့်ရသေ့များသည် ချဉ်၊ ဆား မှီဝဲရန် ဗာရာဏသီမြို့သို့ လာခဲ့ကြပြီး မင်းဥယျာဉ်တွင် တည်းခိုကြကာ နန်းတွင်း၌ပင် နေ့စဉ် ဆွမ်းစားကြသည်။

တစ်နေ့တွင် မြို့တွင်း၌ အရက်သောက်ပွဲ ဆင်ယင်ကျင်းပသဖြင့် မင်းကြီးသည် 'အရက်မည်သည် ရသေ့တို့အား ရခဲ့၏' ဟု နှလုံးသွင်း ၍ ရသေ့တို့အား အရက်များ ပေးလှူစေသည်။ ရသေ့တို့သည် ထိုအရက်ကို သောက်၍ မူးယစ်ကြသဖြင့် အချို့က ထ၍ ကကြသည်။ အချို့က သီချင်းဆိုကြသည်။ အချို့က ခဲဖွယ်ဘောဇဉ်များအပေါ်တွင် ဖိ၍ အိပ်ကြသည်။

ရသေ့တို့သည် အမူးပြေပျောက်သွားချိန်တွင် မိမိတို့၏ဖောက်ပြန်မှုများကို သတိရမိကြသည်။ ဤတွင် 'ငါတို့သည် ဆရာသမားနှင့်ကင်း၍ နေခြင်းကြောင့် မလျောက်ပတ်သည်တို့ကို ပြုခဲ့မိကြချေပြီ'ဟု နောင်တရ၍ ဝမ်းနည်းမဆုံး ရှိကြသည်။ ထိုခဏတွင်ပင် ရသေ့များသည် မင်းဥယျာဉ်ကို စွန့်ခွာ၍ ဆရာသမားရှိရာ ဟိမဝန္တာသို့ ပြန်ကြလေသည်။

တပည့်ရသေ့များ၏ အဖြစ်အပျက်ကို ကြားသိရသောအခါ ဆရာရသေ့က ဆရာသမားနှင့် ကင်းကွာလျှင် ဤသို့ပင် ဖြစ်တတ်သည်။ နောင်တွင် ဤသို့

http://www.dhammadownload.com

သော မကောင်းမှုများ မပြုကြနှင့်'ဟု ဆုံးမလေသည်။

ဇာတ်ပေါင်းသော် တပည့်ရသော့များသည် ဗုဒ္ဓ၏ပရိသတ်။ ဆရာ ရသော့သည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

အရက်သုရာ သောက်သုံးခြင်းသည် ရရှိထားသော စျာန်တရားစသော ဂုဏ်ကျေးဇူးများ ပျောက်ကွယ်သွားတတ်၏။ အရက်မူးလွန်လျှင် ဂရုဂါရဝ ကင်းမဲ့တတ်၏၊ တန်ခိုးရှိသူပင် တန်ခိုးမဲ့သွားတတ်၏၊ ကိုယ်ကျင့်သီလ ပျက်တတ်၏၊ အရှက်တကွဲ အကျိုးနည်းဖြစ်တတ်၏။ အရက်သည် မကောင်းမှုမျိုးစုံတို့၏ မြစ်ဖျားခံရာဖြစ်သည်။ သွန်သင်ဆုံးမတတ်သော ဆရာသမားနှင့် ကင်းကွာ၍နေသော တပည့်တို့သည် မကောင်းမှုဒုစရိုက်ကို ပြုလုပ်တတ်ကြ၏။ ထို့ကြောင့် တပည့်တို့သည် သွန်သင်ဆုံးမတတ်သော ဆရာသမားတို့နှင့် ကင်းကွာ၍မနေသင့်၊ စသော သင်ခန်းစာများ ရရှိပါသည်။

၂-မိတ္တဝိန္ဒကဇာတ်အကျဉ်းချုပ်

(ဤဇာတ်သည် ရှေ့ဒသကနိပါတ်၊ မဟာမိတ္တဝိန္ဒကဇာတ်နှင့် တူသည်။)

သင်ခန်းစာ

မပြစ်မှားထိုက်သူကို ပြစ်မှားမိလျှင် ဘဝများစွာ ဆင်းရဲဒုက္ခကြီးစွာ ခံရတတ်သည်။ အကုသိုလ်ကံသည် အလွန်ကြောက်မက်ဖွယ်ကောင်းသဖြင့် မကောင်းမှု မှန်သမျှကို မကျူးလွန်သင့်။ အကျိုးလိုလားသူတို့၏ ဆိုဆုံးမမှုကို နာယူသင့်သည်။

http://www.dhammadownload.com

၃-ကာဌကဏ္ဍိဇာတ်အကျဉ်းချုပ်

အနာထပိဏ်သူဌေး၏ သစ္စာရှိ အရုပ်ဆိုးသောမိတ်ဆွေကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်း သည် သူဌေးကြီးဖြစ်လေသည်။ တစ်နေ့တွင် သူဌေးသည် ဆင်းရဲလွန်းသော၊ အရုပ်ဆိုး အကျဉ်းတန်လှသည့် ကာဌကဏ္ဍိ အမည်ရှိသော သူငယ်ချင်းတစ်ယောက်ကို အိမ်မှာခေါ်ထားပြီး ဘဏ္ဍာစိုးခန့်ထားလိုက်လေသည်။

ဤသည်ကို သူဌေးကြီး၏ ဆွေမျိုးတို့က သဘောမတူကြပဲ ဤသူယုတ်ကို သင့်ထံတွင် မနေစေလင့်။ ကာဌကဏ္ဍိဟု ခေါ်ရခြင်းသည် မဂ်လာမရှိ။ သင်နှင့်မတူ ဆင်းရဲသည် စသည်ဖြင့် ပြောကြလေသည်။ သို့သော် သူဌေးကြီးသည် ကာဌကဏ္ဍိကို စွန့်ပစ်ခြင်းမပြုပဲ လူတစ်ယောက်မှ အမည်သည် ပဓာနမဟုတ်ဟု ဆိုသည်။ တစ်နေ့တွင် သူဌေးကြီးသည် ကာဌကဏ္ဍိကို အိမ်စောင့်အဖြစ် ထားပစ်ခဲ့ပြီး မိမိအပိုင်စားရသော ကျေးရွာသို့ ခရီးထွက်သွားလေသည်။

တစ်ညတွင် သူခိုးတို့သည် အိမ်၌ သူဌေးကြီးမရှိကြောင်းကို သိကြ၍ လုယက်ရန် ဝိုင်းရံလာကြသည်။ နိုးနိုးကြားကြားရှိနေသော ကာဌကဏ္ဍိကသိ၍ အိပ်ပျော်နေသူများ နိုးကြစေရန် လက်လှမ်းမှီရာလူများကိုနှိုး၍ အချို့ကို ခရုသင်းမှုတ်စေသည်။ အချို့ကို စည်တီးစေသည်။ ထိုအသံများကြောင့် သူခိုးများသည် အိမ်တွင် သူဌေးကြီးရှိနေသည် ထင်မှတ်၍ ထွက်ပြေးသွားကြသည်။

သူဌေးကြီး ပြန်ရောက်လာ၍ ထိုအကြောင်းကိုသိလျှင် ဆွေမျိုးများအား 'သင်တို့သည် ငါ၏အိမ်စောင့်ကို နှင်ထုတ်စေခဲ့သည်။ သင်တို့စကားအတိုင်း ငါနှင်ထုတ်မိခဲ့လျှင် ယနေ့ ငါတွင် ပစ္စည်းဥစ္စာများ တစ်စုံတစ်ရာရှိတော့မည်မဟုတ်၊ လူတစ်ယောက်မှာ အမည်သည် ပဓာနမဟုတ်၊ အကျိုးစီးပွားကို လိုလားသည့် စိတ်သည်သာလျှင် အဓိကဖြစ်သည်'ဟု ပြောဆိုလျက် ကာဌကဏ္ဍိအား ရှေးက

http://www.dhammadownload.com

ထက် တိုးမြှင့်၍ မြှောက်စားလေသည်။

ဇာတ်ပေါင်းသော် ယခင်ကာဋ္ဌကဏ္ဍိသည် အရှင်အာနန္ဒာ။ ဗာရာဏသီ သူဌေးသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

အမည်နာမ လှသည် ဆိုးသည် ပဓာနမက္ခ။ မိတ်ဆွေအပေါ်၌ အကျိုးစီးပွားလိုလားသောစိတ်သာ ပဓာနကျ၏။ မိတ်ဆွေသည် ရုပ်လှဖို့ထက် စိတ်လှဖို့လို၏။ အဆွေခင်ပွန်းကောင်းသည် မိမိ၏ကျေးဇူးရှင် မိတ်ဆွေအပေါ်၌ သစ္စာစောင့်သိတတ်၏။ ငယ်စဉ်ကပင် ခင်မင်ကျွမ်းဝင်ဖူးသော ကိုယ့်ကျေးဇူးကို အမြဲမပြတ်ပြုတတ်သော ငယ်ပေါင်းမိတ်ဟောင်းများသည် ယုံကြည်စိတ်အချရဆုံးနှင့် အကောင်းဆုံးသော မိတ်ဆွေများဖြစ်၏။ စသောသင်ခန်းစာများ ရရှိပါသည်။

၄-အတ္ထသဒ္ဓါရဇာတ်အကျဉ်းချုပ်

သာဝတ္ထိမြို့တော်မှ ခုနစ်နှစ်သား ကလေးက အဖေအား မေးမြန်းသော ပြဿနာကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် သူဌေးကြီးဖြစ်၍ သူ့တွင် ဉာဏ်ပညာထက်မြက်သော ခုနစ်နှစ်သားအရွယ် သားတစ်ယောက်ရှိသည်။ တစ်နေ့တွင် သားက ဖခင်အား အကျိုးစီးပွား ဖြစ်ထွန်းကြီးပွားကြောင်းကို မေးသည်။

ထိုအခါ ဖခင်က ကျန်းမာခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ပညာရှိသူတို့၏ အဆုံးအမကို ခံယူခြင်း၊ အကြားအမြင်များခြင်း၊ သုစရိုက်တရားသုံးပါးတို့ကို ကျင့်သုံးခြင်း၊ မပျင်းမရိခြင်း၊ ဤတရားခြောက်ပါးတို့သည် အကျိုးစီးပွား အကြောင်းတရားများ ဖြစ်သည်ဟု ဖြေဆိုသည်။ သားသည် ထိုအခါမှစ၍ ထိုတရားခြောက်ပါးတို့ကို အသက်ထက်ဆုံး ကျင့်သုံး၍ သွားလေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် ယခင်က သူဌေးသားသည် ယခုသူဌေးသား။ ယခင် ဘရာဏသီ သူဌေးသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

လောကီလောကုတ္တရာ ပစ္စုပ္ပန်သံသရာ အကျိုးနှစ်ဖြာကို လိုလားကြသော သူတို့သည် ကြီးပွားကြောင်းတရားခြောက်ပါးကို သိထားဖို့ လိုကုန်၏။ ကြီးပွားကြောင်းတရားခြောက်ပါးဟူသည် - အနာရောဂါကင်းခြင်း၊ အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ပညာရှိတို့၏အဆုံးအမ(ဩဝါဒ)ကိုလိုက်နာခြင်း၊ အကြားအမြင်များခြင်း၊ သုစရိုက်တရားသုံးပါးကိုကျင့်ခြင်း၊ မပျင်းမရိခြင်းတို့တည်း။ ကြီးပွားချမ်းသာလိုသူသည် ကြီးပွားကြောင်းတရားခြောက်ပါးကို ကျင့်သုံးပါစသော သင်ခန်းစာများရရှိပါသည်။

၅-ကိုးပက္ကဇာတ်အကျဉ်းချုပ်

လှပစွာ ဝတ်ဆင်ထားသော အမျိုးသမီးကို စွဲလမ်းကာ သာသနာတော်၌ ပြီးဌေသောရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဘရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မှူးကြီး ဖြစ်လေသည်။ တစ်နေ့တွင် လှည်းငါးရာတို့ဖြင့် ကုန်ရောင်းထွက်လာခဲ့ရာ တောအုပ်တစ်ခုသို့ရောက်လျှင် လှည်းမှူးကြီးသည် လှည်းသားများကို စည်းဝေးစေ၍ ဤတောအုပ်၌ အဆိပ်ပင်များရှိသည်။ ရှေးက မစားဘူးသော သစ်သီးကြီးငယ်များကို ငါ့အား မမေပြာကြားပဲ မစားကြကုန်လင့်' ဟု တားမြစ်လေသည်။

လှည်းသမားတို့သည် ခရီးဆက်ခဲ့ကြရာ အသီးတို့ဖြင့် ပြွတ်သိပ်နေသော သရက်ပင်နှင့်တူသည့် အဆိပ်ပင်တစ်ပင်ကို တွေ့ကြသည်။ ထို့ကြောင့် အဆင်း၊

http://www.dhammadownload.com

အနံ့၊ အရသာတို့၌မက်သော လှည်းသားအချို့သည် သရက်သီးထင်၍ စားမိကြသည်။ အချို့က လှည်းမှူးကြီးကို မေး၍စားရန် စောင့်နေကြလေသည်။

လှည်းမှူးကြီးသည် ထိုအသီးများကို မြင်လိုက်ရသည်ဆိုလျှင်ပင် အဆိပ်သီးဖြစ်ကြောင်း သိလိုက်သည်။ ထို့ကြောင့် စားမိသူအား အန်ဆေးကို တိုက်ကျွေးသည်။ အချို့ ချမ်းသာခွင့်ရကြသည်။ သို့ရာတွင် ဦးစွာစားမိသူတို့ကား အသက်ဆုံးရှုံးကြရလေသည်။

ဇာတ်ပေါင်းသော် လှည်းသားများသည် ဗုဒ္ဓ၏ ပရိသတ်။ လှည်းမှူးကြီးသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ကာမဂုဏ် ငါးပါးတို့မည်သည် သုံးဆောင်သောကာလ၌ မွေ့လျော်ဖွယ်ကောင်းသော်လည်း အပါယ်စသည်တို့၌ ပဋိသန္ဓေပေးတတ်သောကြောင့် အဆိပ်သီးကို စားသုံးခြင်းနှင့် တူ၏။ ကာမဂုဏ်အာရုံတို့၌ မတပ်မက်သင့်။ ဆင်ခြင်တုံတရားမရှိသူသည် ဒုက္ခရောက်ရမည်သာ။ အရာရာ၌ ဆင်ခြင်တုံ တရားရှိလျှင် ဒုက္ခမရောက်နိုင်။ ပညာရှိသူသည် အရာရာ၌ ကျွမ်းကျင်လိမ္မာသဖြင့် ပညာရှိစကား လိုက်နာသင့်သည် စသော သင်ခန်းစာများ ရရှိပါသည်။

၆-သီလဝိမံသကဇာတ်အကျဉ်းချုပ်

ကောသလမင်းကြီးက မိမိအား သီလကြောင့် ခိုးမြှင့်ကြောင်းကို စုံစမ်းသိရှိရ၍ ရဟန်းပြုကာ ရဟန္တာဖြစ်လာသော ပညာရှိ ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏား ဖြစ်လေသည်။ ထိုပုဏ္ဏားသည် ကိုယ်ကျင့်သီလကောင်းမွန်သည်။ ဗေဒင်သုံးပုံကိုလည်း တတ်မြောက်သူ ဖြစ်သည်။ မင်းသည်

http://www.dhammadownload.com

သူ့ကို အလွန်ကြည်ညိုလေးစားလေသည်။ တစ်နေ့တွင် ပုဏ္ဏားကြီးက 'မင်းသည် အခြားသူများထက်သူ့အား ပို၍လေးစားခြင်းအကြောင်းကို သိလို၍ စုံစမ်းကြည့်မည်ဟု စဉ်းစားမိလေသည်။

တစ်နေ့တွင် ပုဏ္ဏားကြီးသည် နန်းတွင်းမှ အပြန်တွင် မင်းကြီး ပန်းထိမ်တော်အိမ်သို့ ဝင်၍ အပြန်တွင် ငွေအသပြာတစ်ကျပ်ကို တိတ်တဆိတ် ယူလာခဲ့သည်။ ပန်းထိမ်တော်ဝန်သည် ပုဏ္ဏားကြီးကို ရိုသေလေးစားသဖြင့် မသိဟန်ဆောင်၍ နေလိုက်၏။ ပုဏ္ဏားသည် နောက်နေ့တွင် အသပြာနှစ်ကျပ်၊ တတိယနေ့တွင်မူ အသပြာ လက်တစ်ဆုပ်ကို ကောက်ယူလေတော့သည်။

ထိုအခါ ပန်းထိမ်တော်ဝန်သည် သည်းမခံနိုင်တော့ပဲ ပုဏ္ဏားကြီးအား သူခိုးအဖြစ် ဖမ်းဆီးတုပ်နှောင်၍ မင်းထံသို့ ခေါ်ဆောင်လာခဲ့သည်။ လမ်းတွင် အလမ္မယ်ဆရာတစ်စုနှင့်တွေ့ရာ ပုဏ္ဏားက သူတို့အား 'အမောင်တို့ ဤမြွေကို မကစားလင့်၊ ဤမြွေသည် သင်တို့ကို ကိုက်လျှင် သင်တို့သည် အသက်ကုန်ခြင်းသို့ ရောက်ကြရလေမည်'ဟု ဆိုသည်။ ထိုအခါ အလမ္မယ်ဆရာတို့က 'ပုဏ္ဏား ဤမြွေသည် ငါ့ကို မကိုက်၊ သီလရှိ၏။ လူတို့တွင် သီလရှိသောသူဖြစ်ပါမူ ဆိုဖွယ်မရှိချေ။ ဤလောကၨ သီလသည်သာလျှင် မြတ်၏။ သီလထက် ပို၍မြတ်သောတရားသည် မရှိ'ဟု ပြန်၍ ပြောပြကြသည်။

မင်းရှေ့တော်မှောက်သို့ ရောက်သွားသောအခါ ပုဏ္ဏားကြီးအား သူခိုးအဖြစ် လျှောက်ထားကြသည်။ ထို့ကြောင့် မင်းသည် သူ့အား အပြစ်ပေးရန် အမိန့်ပေးလိုက်သည်။ ထိုအခါ ပုဏ္ဏာကြီးက 'မိမိသည် ခိုးသူ မဟုတ်ပါ၊ ဥစ္စာ၊ အမျိုးအနွယ်နှင့် သီလတို့တွင် မည်သည့်အရာက မြင့်မြတ်သည်ကို သိလို၍ စုံစမ်းခြင်းသာ ဖြစ်ပါသည်။ ဤလောကတွင် သီလသည်သာ အမြတ်ဆုံးဖြစ်ပါသည်'ဟု တင်လျှောက်လိုက်လေသည်။

ထို့နောက် သူသည် မင်းထံတွင် ခွင့်တောင်း၍ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာသို့ ဝင်သွားလေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် ဗာရာဏသီမင်းသည် အရှင်အာနန္ဒာ။ မင်း၏ပရိသတ်သည် ဗုဒ္ဓ၏ပရိသတ်။ ပုရောဟိတ်ပုဏ္ဏားသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

လောကဌ် လူတို့သည် ဇာတ်အမျိုးအနွယ် ပညာဂုဏ်စသည်တို့နှင့် ပြည့်စုံသောသူတို့ကို နှစ်သက်မြတ်နိုးကြသည်ထက် အကျင့်သီလနှင့်ပြည့်စုံသောသူကိုသာ ပို၍နှစ်သက်မြတ်နိုး အလေးထားကြ၏။ အတတ်ပညာရှိသော်လည်း အကျင့်သီလမရှိလျှင် အချည်းအနှီးသာ၊ လောကဌ် ကိုယ်နှုတ်စိတ်တို့ကို စောင့်ထိန်းမှု ကိုယ်ကျင့်သီလသာ အမြတ်ဆုံးဖြစ်၍ ကိုယ်ကျင့်သီလကို လုံခြုံအောင် စောင့်ထိန်းသင့်၏။ စသော သင်ခန်းစာများကို ရရှိပါသည်။

၇-မဂ်လဇာတ်အကျဉ်းချုပ်

ရာဇဂြိုဟ်ပြည်ဌ် လောကီမဂ်လာကို ယုံကြည်၍ ကြွက်ကိုက်ထားသော အဝတ်ကို သုသာန်ဌ် စွန့်ပစ်သော ပုဏ္ဏားသားအဖကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ မာဂဓတိုင်း ရာဇဂြိုဟ်ပြည်ဌ် ဓမ္မိကမင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် စျာန်ရရသေ့ဖြစ်၍ ဟိမဝန္တာဌ် နေလေသည်။ တစ်နေ့တွင် ရသေ့သည် ရာဇဂြိုဟ်မြို့သို့လာခဲ့ရာ မင်းကြီးက ကြည်ညိုသဖြင့် ဥယျာဉ်တော်ဌ် သီတင်းသုံးရန် လျှောက်ထားသည်။

ထိုမြို့တွင် ပုဏ္ဏားတစ်ဦးသည် လောကီမဂ်လာတရားကိုသာ ယုံကြည်လေ့ရှိသည်။ တစ်နေ့ဌ် သေတ္တာထဲမှ အဝတ်ပုဆိုးကို ကြွက်ကိုက်သဖြင့် ပုဏ္ဏားက ဤပုဆိုးသည် မဂ်လာမရှိ၊ သူယုတ်မာနှင့်တူသည်။ အိမ်တွင်ထားခဲ့သော် ကြီးစွာသော ပျက်စီးခြင်း ရှိနိုင်သည်ဟု ယုံကြည်သည်။ ထို့ကြောင့် သူ၏သားအား ပုဆိုးကို လက်ဖြင့်မထိစေပဲ တုတ်ဖြင့်ထိုးယူ၍ သုသာန်ဌ် စွန့်ပစ်ပြီးလျှင်

http://www.dhammadownload.com

ဦးခေါင်းလျှော်၍ ပြန်လာခဲ့ဟု စေခိုင်းလိုက်သည်။ ပုဏ္ဏားငယ်သည် ကြွက်ကိုက်ပုဆိုးကို သုသာန်၌ လာရောက်စွန့်ပစ်ရာ ဘုရားလောင်းရသေ့သည် ထိုပုဆိုးကို လူငယ်ရှေ့၌ပင် ပံသုကူအဖြစ် ကောက်ယူ၍ ဥယျာဉ်တော်သို့ ကြွသွားသည်။

ပုဏ္ဏားငယ်က ထိုအကြောင်းကို ဖခင်ပုဏ္ဏားကြီးအား ပြောပြသောအခါ ပုဏ္ဏားကြီးသည် အထိတ်တလန့်ဖြစ်ကာ ပုဆိုးကောင်းတို့ကိုယူ၍ ဥယျာဉ်တော်သို့ လိုက်လာသည်။ ရောက်သောအခါ ပုဏ္ဏားသားအဖအား ရသေ့ကြီးက သုသာန်၌စွန့်သော ပုဆိုးဟောင်းကိုသာ ငါတို့အား သုံးဆောင်အပ်၏။ ငါတို့သည် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်းသော မင်္ဂလာကို မယုံကြည်။ မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်းသော မင်္ဂလာမည်သည်ကို ဘုရားပစ္စေကဗုဒ္ဓါတို့သည်လည်း မချီးမွမ်း။ ထို့ကြောင့် ပညာရှိတို့မည်သည် မြင်တိုင်း၊ တွေ့တိုင်း၊ ကြားတိုင်းသော မင်္ဂလာကို ယုံကြည်ကြသည်မဖြစ်ရာ'ဟု တရားဟောရာ ပုဏ္ဏားသည် မိမိအမှားကို မြင်သွားသည်။ ထို့ကြောင့် ထိုအချိန်မှစ၍ မှားယွင်းသော အယူကို စွန့်ပယ်လျက် ဘုရားလောင်းရသေ့ကို ကိုးကွယ်ဆည်းကပ်လေသည်။

ဇာတ်ပေါင်းသော် ယခင်က သားအဖသည် ယခုသားအဖ၊ ရသေ့သည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ဘုရားအစရှိသော ပညာရှိတို့သည် ကောတုဟလမင်္ဂလာကို ကဲ့ရဲ့ရှုတ်ချကြ၏၊ လောကီဓလေ့ ထုံးတမ်းမင်္ဂလာများကိုလည်း အလေးမထားကြကုန်။ မြင်တိုင်း ကြားတိုင်း တွေ့ထိသိတိုင်း မဟုတ်မဟတ် လောကီမင်္ဂလာကိုဂင်း၊ နက္ခတ် ဗေဒင် လက္ခဏာ အိပ်မက်တိတ္ထိုစသော အဆိုးမြင်ဝါဒီ လောကီဓလေ့ ထုံးတမ်းများကိုဂင်း ယုံကြည်သောသူသည် မိစ္ဆာအယူရှိသူဖြစ်၏။ နေရာတကာ၌ အယူမသည်းသင့်၊ အယူသည်းလျှင် ဆိုးကျိုးကိုရစေတတ်၏ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၈-သာရမ္ဘဇာတ်အကျဉ်းချုပ်

(ဤဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု အတိတ်ဝတ္ထုတို့သည် ရှေ့ကုရုဂ်ဝဂ်၊ နန္ဒိဝိသာလ ဇာတ်နှင့် တူသည်။)

သင်ခန်းစာ

ကြမ်းတမ်းသောစကားကို ပြောဆိုလေ့ရှိသူသည် ကောင်းကျိုးမရနိုင်၊ ဆိုးကျိုးသာရနိုင်၏။ ကြမ်းတမ်းစွာ ပြောဆိုသူကို လူတိုင်းမနှစ်သက်သဖြင့် ကောင်းမွန်ချိုသာသောစကားကို ချိုသာစွာပြောဆိုသင့်သည်။

၉-ကုဟကဇာတ်အကျဉ်းချုပ်

လူအထင်ကြီးအောင် ကျင့်ကြံတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ကုန်သည်မျိုး၌ ဖြစ်လေသည်။ ထိုအချိန်တွင် ဆံကျစ်ထုံးသော ရသေ့တစ်ပါးသည် ရွာငယ်တစ်ရွာကို အမှီပြုနေသည်။ တစ်နေ့တွင် သူကြွယ် ကျောင်းဒါယကာသည် ရွှေစင်နိက္ခတစ်ရာကို ရသေ့ကျောင်းအောက်တွင် မြှုပ်နှံ၍စောင့်ရှောက်ပေးပါရန် ရသေ့ကို လျှောက်ထားသည်။ ရသေ့က ဒါယကာ ရဟန်းတို့အား ဤစကားဆိုခြင်းသည် မသင့်လျော်၊ ငါတို့သည် သူတစ်ပါးတို့၏ ဥစ္စာ၌ လောဘမည်သည်မရှိ' ဟု ဆိုလေသည်။

သုံးရက်ခန့်အကြာတွင် ရသေ့သည် ထိုရွှေများကို ဖော်ယူ၍ လမ်းခရီးတစ်ဝက်၌ သွားရောက်မြှုပ်နှံထားပြီးနောက် ကျောင်းသို့ပြန်လာကာ သူကြွယ်အား ဤကျောင်းမှ ပြောင်းရွှေ့တော့မည့်အကြောင်းကို ပြောဆိုသည်။ သူကြွယ်သည် အတန်တန်တောင်းပန်၍မရသဖြင့် ရသေ့အား ရွာတံခါးဝတိုင်အောင် လိုက်ပို့ပေးသည်။ မကြာမီတွင် ရသေ့သည် သူကြွယ်အိမ်သို့ ပြန်ရောက်လာပြီး ဆံကျစ်

http://www.dhammadownload.com

ကြားတွင် ထိုးယူလာခဲ့သော မြက်တစ်ပင်ကိုပြ၍ 'ဒါယကာ သင့်အိမ်ခေါင်မိုးမှ မြက်တစ်ပင်သည် ငါ၏ဆံကျစ်ကြားတွင် ငြိကပ်၍ပါလာသည်။ အဒိန္နာဒါန်မည်သည် ရသေ့တို့အား မအပ်၊ ထို့ကြောင့် မြက်ပင်ကိုပေးရန် ပြန်လာခဲ့ခြင်းမည်သည်'ဟုဆိုရာ သူကြွယ်သည် ရှေးကထက် လွန်စွာကြည်ညိုသွားလေသည်။

ထိုအခါ ငွေကြေးရှာဖွေရန် သူကြွယ်အိမ်သို့ ရောက်နေခဲ့သော ဘုရားလောင်းသည် ရသေ့စကားကိုကြားလိုက်ရလျှင် ဤရသေ့ပျက်သည် သူကြွယ်၏ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာကို ခိုးယူလိမ့်မည်ဟု တွေးမိသည်။ သို့ဖြင့် ရသေ့ထံတွင် ပစ္စည်းတစ်စုံတစ်ရာ အပ်နှံထားခြင်း ရှိမရှိကို သူကြွယ်အားမေးရာ ရွှေစင်နိုက္ခတစ်ရာရှိကြောင်းကို သိရသည်။ ဤတွင် ဘုရားလောင်းက သူကြွယ်အား ယင်းရွှေများကို သွားကြည့်ခိုင်းရာ သူ့ရွှေများကို မတွေ့ရတော့ပေ။ ထိုအခါ ဘုရားလောင်းက ရွှေကိုယူသွားသူမှာ အခြားသူမဟုတ်။ ရသေ့ပင်ဖြစ်ကြောင်းကို ပြောပြသည်။ ထို့ကြောင့် သူကြွယ်သည် ရသေ့နောက်သို့ အလျင်အမြန် လိုက်လာသည်။ လမ်းခရီးတစ်ဝက်တွင်ပင် ရသေ့ကို ဖမ်းမိသည်။ ရိုက်ပုတ်၍ ရွှေများကို ပြန်တောင်းရာ ရသေ့က ရွှေအားလုံးကို ပြန်ပေးလိုက်လေသည်။

ဇာတ်ပေါင်းသော် ကောက်ကျစ်သောရသေ့သည် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်း၊ ပညာရှိယောက်ျားသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ကောက်ကျစ်သောသူသည် ပရိယာယ်မာယာကြွယ်ဝ၏။ လူရှေ့မှာ ကိုယ်ရည်သွေးပြတတ်၍ နောက်ကွယ်မှ အကောက်ကြံတတ်၏။ ပညာရှိသည် လူတစ်ဖက်သား၏ အမူအရာအပြောအဆိုကို မြင်ရုံကြားရုံမျှနှင့် ရိုးသားဖြောင့်မတ်သူနှင့် ကောက်ကျစ်သူကို ဝေဖန်ပိုင်းခြားနိုင်၏။ အယောင်ဆောင်သူသည် အထူးဟိတ်ဟန်ကောင်းသဖြင့် ယုံကြည်ကိုးကွယ်ရာ၌ သတိရှေ့ထား၍ အသိပညာနှင့် ယှဉ်၍သာ ယုံကြည်ကိုးကွယ်သင့်၏။ စသော သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၁၀-အကတညုဇာတ်အကျဉ်းချုပ်

အနာထပိဏ်သူဌေး၏ကျေးဇူးမသိတတ်သော နယ်ခြားသူဌေးမိတ်ဆွေ တစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ထိုမြို့၌ သူဌေးဖြစ်၍ နယ်ခြားဒေသမှ သူဌေးတစ်ဦးနှင့် တွေ့မြင်ဖူးခြင်းမရှိဘဲ မိတ်ဆွေဖြစ်နေခဲ့သည်။ တစ်နေ့တွင် နယ်ခြားသူဌေးသည် သူ၏အမှူထမ်းများကို လှည်းငါးရာတို့တွင် ကုန်အပြည့်တင်၍ ဗာရာဏသီသူဌေးထံသို့ စေလွှတ်လိုက်သည်။ 'ဤကုန်များကို ဗာရာဏသီသူဌေး၏ရှေ့မှောက်တွင် ရောင်းချ၍ ရလာသောငွေကြေးများကို ယူဆောင်လျက် ပြန်လာခဲ့ကြ'ဟု မှာကြားလိုက်သည်။

အမှူထမ်းများသည် ဗာရာဏသီသူဌေးထံသို့ရောက်လျှင် လက်ဆောင်ပဏ္ဏာများ ဆက်သကြပြီး မိမိတို့သူဌေးက မှာကြားလိုက်သော စကားများကို လည်း ပြောကြားကြသည်။ ဗာရာဏသီသူဌေးသည် ထိုသူများကို ကောင်းစွာ လက်ခံစောင့်ရှောက်၍ ပစ္စည်းများကို ရောင်းချပေးလိုက်သည်။

နောက်များမကြာမီ ဗာရာဏသီသူဌေးသည် ကုန်အပြည့်ပါသောလှည်းငါးရာတို့ကို နယ်ခြားဒေသ မိတ်ဆွေသူဌေးထံသို့ စေလွှတ်လိုက်သည်။ နယ်ခြားသူဌေးသည် ဗာရာဏသီသူဌေး၏လူများကို ဂရုတစိုက်လက်ခံစောင့်ရှောက်ခြင်းမပြုဘဲ ပေးလိုက်သော လက်ဆောင်ပဏ္ဏာများကိုသာ ယူထားလိုက်ပြီး လူများကို ပြန်လွှတ်လိုက်သည်။ ထို့ကြောင့် ဗာရာဏသီသူဌေး၏လူများသည် မိမိတို့၏ ကုန်များကို မိမိတို့သာ ရောင်းချ၍ ပြန်ခဲ့သည်။

ကာလအတန်ကြာသော် နယ်ခြားဒေသ သူဌေးထံမှ လူများသည် ရှေးကကဲ့သို့ပင် လှည်းငါးရာတို့နှင့် ဗာရာဏသီသူဌေးထံ ရောက်လာကြပြန်သည်။ ဤအခါ ဗာရာဏသီသူဌေး၏ လူများသည် ထိုသူများကို မြို့ပြင်ဘက်တွင်သာ နေရာချထားပေးလိုက်ကြသည်။ ညဉ့်သန်းခေါင်ယံချိန်တွင် ဗာရာဏသီသူဌေး၏

http://www.dhammadownload.com

လူများသည် ထိုသူများကို သွားရောက်၍ လုယက်တိုက်ခိုက်ကြသည်။ နယ်ခြားရွာသားများသည် ကြောက်ရွံ့ကြသဖြင့် နယ်ခြားဒေသအရောက် လက်လွတ်ထွက်ပြေးကြရသည်။

ဇာတ်ပေါင်းသော် ယခင်နယ်ခြားသူဌေးသည် ယခုသူဌေး၊ ဗာရာဏသီသူဌေးသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

သူတစ်ပါးကျေးဇူးကို မသိတတ်သူသည် တစ်ခဏသာ ကောင်းစားပြီးနောက်ဆုံး၌ ဆင်းရဲဒုက္ခရောက်ရတတ်၏။ လူမှုကိစ္စအဝဝ၌ အတ္တမဆန်ပဲ အပြန်အလှန် သူ့ကျေးဇူး ကိုယ့်ကျေးဇူးကို အထူးပြုတတ်ဖို့လို၏။ သူ့ကျေးဇူးကို မသိတတ်သူသည် ကိုယ့်ကိစ္စကြုံလျှင် အကူအညီမရပေ။ ထို့ကြောင့် သူတစ်ပါးအားဦးစွာ ကျေးဇူးပြုတတ်ရမည်၊ ပြုခဲ့ဖူးသော သူ့ကျေးဇူးကိုလည်း ပြန်လည်ကျေးဇူးဆပ်ဖို့ ကြိုးစားရမည်။ စသောသင်ခန်းစာများ ရရှိပါသည်။

၁၀-လိတ္တဝဂ်

၁-လိတ္တဇာတ်အကျဉ်းချုပ်

ဆွမ်းသက်နှံ့စသော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်ကြသော ရဟန်းများကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီ၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော အမျိုး၌ ဖြစ်၍ အရွယ်ရောက်ချိန်တွင် ကြွေအန်ကစားလေ့ရှိသည်။ ကောက်ကျစ်သော ကြွေအန်ကစားဖော်တစ်ဦးသည် မိမိ နိုင်

http://www.dhammadownload.com

လျှင် ဆက်၍ကစားပြီး ရှုံးသည့်အလှည့်တွင် ပွဲပျက်စေရန် အမြဲကြိုးပမ်းလေ့ရှိသည်။ ကြွေအန်တုံးကို ခံတွင်းတွင် ငုံထား၍ ကြွေအန်ပျောက်သွားပြီဟု ဆိုပြီး ပွဲကို ဖျက်သိမ်းသွားတတ်သည်။

ထိုအကြောင်းကို သိသောဘုရားလောင်းသည် တစ်ခါသော် ကြွေအန်တုံးတွင် အဆိပ်များ လိမ်းကျံထားလိုက်သည်။ ထိုကြွေအန်ဖြင့် ကစားကြရာ ကောက်ကျစ်သော ကြွေအန်ကစားဖော်သည် သူရှုံးသည်နှင့် ခါတိုင်းကဲ့သို့ပင် ကြွေအန်ကို ခံတွင်းငုံ၍ ဖျောက်လိုက်သည်။

ထိုအခါ ဘုရားလောင်းက ငုံဦးလေ ငုံဦးလေ၊ ကြွေအန်ကို ငုံလျှင် မည်သို့ဖြစ်တတ်သည်ကို သိရလိမ့်မည်ဟု ဆိုလေသည်။ ဘုရားလောင်း၏ စကားမဆုံးမီပင် ကောက်ကျစ်သောကစားဖော်သည် အဆိပ်၏အခိုးကြောင့် မျက်စိလည်လာကာ ဇက်လည်းကျိုးကျလာသည်။ ထိုအခါမှ ဘုရားလောင်းသည် သူ့ကို အန်ဆေးတိုက်၍ 'နောင်တွင် ဤသို့ မရိုးဖြောင့်သည့် အကျင့်မျိုးကို မကျင့်ပါလင့်ဟု ဆုံးမစကား ဆိုလေသည်။

ဇာတ်ပေါင်းသော် ပညာရှိကြွေအန်သမားသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ရဟန်းတို့မည်သည် သက်နိုးစသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်ရာ၌ ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးမှသာ သုံးဆောင်သင့်၏။ ရဟန်းတို့ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ ပစ္စည်းလေးပါးတို့ကို သုံးဆောင်သော် သေပြီးနောက် ငရဲတိရစ္ဆာန်ဘဝသို့ ကျရောက်တတ်၏။ ကောက်ကျစ်သူသည် ပညာရှိသူကို လှည့်စား၍ မရနိုင်။ အကောက်ကြံလျှင် ဘေးဒဏ်သင့်တတ်သည် ဟူသောသင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၂-မဟာသာရဇာတ်အကျဉ်းချုပ်

ကောသလမင်းကြီး၏ ပတ္တမြားဦးသျှောင် ပျောက်ဆုံးသွားသဖြင့် အရှင်အာနန္ဒာသည် နန်းရင်ပြင်၌ ရေပြည့်အိုးကြီးတစ်လုံးကို ချထားစေကာ တင်းတိမ်များ ကာရံထားစေသည်။ ထို့နောက် နန်းတွင်းသူ နန်းတွင်းသားများအားလုံးအား အပေါ် ရုံပုဆိုးကိုယ်စီဖြင့် တင်းတိမ်တွင်းသို့ ဝင်စေသည်။ ပြန်ထွက်အလာတွင် အပေါ် ရုံပုဆိုးကို ဖွင့်လှစ်၍လာကြရန် အကြံပေးသည်။ အကြံပေးသည့်အတိုင်း ပြုလုပ်ကြရာ ပျောက်ဆုံးသွားသောပတ္တမြားဦးသျှောင်ကို ရေပြည့်အိုးထဲမှ ပြန်ရလေသည်။ ထိုအကြောင်းနှင့်စပ်၍ ဗုဒ္ဓမြတ်စွာက ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ထိုမင်း၏အမတ် ဖြစ်လေသည်။ တစ်နေ့တွင် မင်းသည် မောင်းမများနှင့်တကွ မင်္ဂလာရေကန်တွင် ရေကစားတော်မူရာ မောင်းမများသည် မိမိတို့၏ လည်ဆွဲတန်ဆာများကို ချွတ်၍ စုလျှားခ်ထည့်ပြီးလျှင် ကျွန်မအား စောင့်ခိုင်းကြသည်။ ထိုကျွန်မ အိပ်ငိုက်နေစဉ် မျောက်မတစ်ကောင်သည် မိဖုရား၏ 'မဟာသာရ' မည်သော ပုလဲသွယ်ကို ကောက်ယူ၍ သစ်ပင်ပေါ်သို့ ပြေးတက်သွားပြီး သစ်ခေါင်းထဲတွင် ဝှက်ထားလိုက်သည်။

ကျွန်မသည် နိုးလာချိန်တွင် ပုလဲသွယ်ကိုမတွေ့ရ၍ ခိုးသူတစ်ယောက်သည် ပုလဲသွယ်ကို ခိုးပြေးသည်'ဟု ကျယ်လောင်စွာ ဟစ်အော်လိုက်သည်။ ထိုအသံကြောင့် မင်းချင်းယောက်ျားတို့သည် ဥယျာဉ်အပြင်ဘက်သို့ ထွက်၍လိုက်ကြရာ လမ်းတွင်တွေ့ရသည့် ရွာသားတစ်ယောက်ကို ခိုးသူဟုထင်၍ ဖမ်းဆီးကာ စစ်ဆေးသောအခါ ပုလဲသွယ်ကို သူ့ဌေးကြီးထံသို့ ပေးအပ်လိုက်သည်ဟုဆိုသည်။ သူ့ဌေးကြီးက တစ်ဆင့် ပုရောဟိတ်၊ စောင်းသမား၊ ပြည့်တန်ဆာမ၊ ခိုးသည်ဟု အသီးသီးထွက်ဆိုသည်။ ယင်းသို့မေးစစ်ချိန်တွင် နေဝန်းကွယ်သဖြင့် အမတ်ကြီးထံတွင် အပ်နှံထားလိုက်လေသည်။

http://www.dhammadownload.com

အမတ်ကြီးက 'ယင်းတန်ဆာသည် မျောက်တစ်ကောင်၏လက်ထဲတွင် ရှိနေရမည်'ဟု စဉ်းစားမိလေသည်။ ထို့ကြောင့် အမတ်ကြီးသည် တစ်နေရာတည်းတွင် ချုပ်နှောင်ထားခဲ့သော တရားခံငါးဦး၏ အချင်းချင်း ပြောဆိုကြသည့် စကားများကို မင်းမှူထမ်းတို့အား ချောင်းမြောင်း နားထောင်စေသည်။ ကြားရသည့် စကားအားလုံးကိုလည်း ပြန်လည်၍ စီရင်ခံကြစေသည်။

ထိုအကြောင်းအရာကို သိလိုက်ရသည်ဆိုလျှင်ပင် အမတ်ကြီးသည် သူ့အတွေး မှန်ကန်ဖွယ်ရှိကြောင်း ပို၍ယုံကြည်စိတ်ထက်သန်လာသည်။ ထို့ကြောင့် မင်းမှူထမ်းများအား ဥယျာဉ်ထဲမှ မျောက်မများကို ဖမ်းဆီးစေသည်။ ချည်ထုံးတို့ဖြင့် ပြုလုပ်ထားသော တန်ဆာတို့ကို မျောက်မတို့၏လက်၊ ခြေ၊ လည်ပင်းတို့၌ ဆင်ယင်၍ ပြန်လွှတ်ပေးလိုက်သည်။ ထိုအခါ ပုလဲသွယ်ကို ခိုးယူထားသော မျောက်မသည် 'ချည်ထုံးဖြင့် ပြုလုပ်သောတန်ဆာကို ဝတ်ဆင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ဆိုပြီးလျှင် မဟာသာရပုလဲသွယ်ကို ဝတ်ဆင်၍ ထွက်လာခဲ့လေသည်။ သည်တွင် စောင့်ကြည့်နေခဲ့ကြသော မင်းမှူထမ်းများသည် မျောက်မကို ခြိမ်းခြောက်ပြီးလျှင် ပုလဲသွယ်ကို ပြန်လည်၍ရယူနိုင်ခဲ့လေသည်။

ဇာတ်ပေါင်းသော် ဗာရာဏသီမင်းသည် အရှင်အာနန္ဒာ၊ ပညာရှိအမတ်သည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

နန်းတော်၌ တရားဟောခြင်းအမှုကို လူပုဂ္ဂိုလ်တို့ မပြုလုပ်သင့်၊ ရဟန်းတို့သည်သာ ပြုလုပ်သင့်၏။ မိမိတို့ ရှေ့မှောက်၌ ပြဿနာတစ်စုံတစ်ခုဖြစ်ပေါ်လျှင် မိမိမပြုလုပ်ဘဲ ကြောက်လန့်၍ ထွက်ပြေးပါက အထင်လွဲခံရတတ်၏။ ခက်ခဲနက်နဲသော ပြဿနာကို ဖြေရှင်းရန် ဉာဏ်ပညာရှိဖို့ လိုအပ်သည်၊ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၃-ဝိသာသဘောဇနဇာတ်အကျဉ်းချုပ်

ဆွေမျိုးများ ပေးလျှူသည့် ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာမဆင်ခြင်ပဲ သုံးဆောင်ကြသည့် ရဟန်းများကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် သူဌေးမျိုး၌ ဖြစ်လေသည်။ သူဌေး၏နွားကျောင်းသားသည် တောထဲတွင် စခန်းချ၍ နွားများကို ထိန်းကျောင်းနေသည်။ တစ်ခါတစ်ရံ သူဌေးထံ နွားနို့များ လာရောက်ပို့တတ်သည်။ သူ၏နွားခြံအနီးတွင် ခြသေ့ကြီးတစ်ကောင်ရှိသည်။ နွားမများသည် ခြသေ့ကြီးကို ကြောက်၍ နွားနို့များ ဆုတ်ယုတ်ကြရသည်။

တစ်နေ့တွင် နွားကျောင်းသားသည် သူဌေးကြီးထံ ထောပတ်များလာပို့ရာ ထောပတ်သည် ခါတိုင်းထက် လျော့နည်းနေသည်။ သူဌေးက မေးသည်တွင် နွားမများသည် ခြသေ့ကြီးကို ကြောက်ရွံ့သဖြင့် နို့ရည်နည်းနေရပါသည်ဟု ပြန်ပြောသည်။ ဤတွင် သူဌေးက ခြသေ့ကြီး တပ်စွန်းသော သတ္တဝါများ ရှိသလောဟုမေးရာ ပြောင်မတစ်ကောင်နှင့် ပေါင်းဖော်နေပါသည်ဟု နွားကျောင်းသားက ပြောပြသည်။

ထိုအခါ သူဌေးသည် နွားကျောင်းသားအား လတ်တလောသေစေတတ်သော အဆိပ်များကို ပေးလိုက်သည်။ ပြောင်မကို ဖမ်း၍ အဆိပ်များဖြင့် တစ်ကိုယ်လုံးလိမ်းကျံပေးရန် မှာကြားလိုက်သည်။ နွားကျောင်းသားသည် နွားခြံသို့ ပြန်ရောက်သောအခါ ပြောင်မကိုဖမ်းယူသည်။ သူဌေးကြီး မှာကြားသည့်အတိုင်း အဆိပ်များလူး၍ ပြန်လွှတ်ပေးလိုက်သည်။ ခြသေ့ကြီးသည် ပြန်လွှတ်လာသော ပြောင်မကြီး၏ကိုယ်ကို ချစ်ခြင်းမေတ္တာကြီးစွာဖြင့်လျက်ရာ အဆိပ်မိ၍ သေဆုံးခဲ့ရလေတော့သည်။

ဇာတ်ပေါင်းသော် ဗာရာဏသီသူဌေးသည် ဘုရားဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

ရဟန်းမည်သည် ဆွေမျိုးမိဘသည်ဝင်း၊ ဆွေမျိုးမဟုတ်သူတို့သည်ဝင်း၊ ပေးလျှူအပ်သော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးမှသာလျှင် သုံးဆောင်သင့်၏။ မဆင်ခြင်ဘဲသုံးဆောင်လျှင် သေသော် ငရဲပြိတ္တာဘဝသို့ ရောက်ရတတ်၏။ ခြေသော့်သည် မိမိချစ်ကျွမ်းဝင်ခဲ့သော ပြောင်မမှ သေဘေးရောက်ရသကဲ့သို့ ချစ်ကျွမ်းဝင်သော သူတို့ထံမှလည်း ဘေးအန္တရာယ်ကျရောက်တတ်၏။ အတွင်းရန်သည် အပြင်ရန်ထက် ဒုက္ခပေးမြန်သောကြောင့် ပေါင်းသင်းဆက်ဆံရာ၌ သတိရှိဖို့ လိုအပ်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၄-လောမဟံသဇာတ်အကျဉ်းချုပ်

မိစ္ဆာဒိဋ္ဌိအယူရှိသော ကောရက္ခတ္တိယသည် ဝေသာလီမြို့တွင်း၌ လှည့်လည်ကာ မြတ်စွာဘုရားအား ကဲ့ရဲ့ရှုတ်ချ စကားများကို ပြောနေသည်။ ထိုကောရက္ခတ္တိယ၏စကားကို ကြားနာရ၍ သုနက္ခတ်ရဟန်းသည် သပိတ်သင်္ကန်းတို့ကို မြတ်စွာဘုရားထံ ပေးအပ်ပြီး ကောရက္ခတ္တိယနောက်သို့ လိုက်သွားသည်။ ယင်းအကြောင်းနှင့်စပ်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဤဘဒ္ဒကပ်ကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဘုရားလောင်းသည် မိစ္ဆာအကျင့်ကို စုံစမ်းရန် အာဇီဝကရဟန်းပြုသည်။ ထိုစဉ် ဘုရားလောင်းသည် အဝတ်မဝတ်၊ အညစ်အကြေးများ ကပ်လိမ်းသောကိုယ်ရှိသည်။ ဆိတ်ငြိမ်ရာ၌ တစ်ကိုယ်တည်းသာ နေသည်။ လူများနှင့် အတွေ့မခံ၊ လူမြင်လျှင် သမင်ကဲ့သို့ ပြေးသည်။ နွားငယ်ချေး အစရှိသည်ကို စားသည်။ တောကြီးထဲတွင်သာ နေ၏။ ညဉ့်အခါ ဆီနှင်းများကျချိန်တွင် လွင်ပြင်၌ နေသည်။ နေထွက်လျှင် တောအုပ်သို့ ပြန်၍ဝင်သည်။ ပူပြင်းသောနွေ၏နောက်ဆုံးလတွင် နေ့အခါ၌ လွင်ပြင်တွင် နေသည်။ ညဉ့်အခါ၌ တောအုပ်သို့ ဝင်သည်။

ယင်းသို့သောအကျင့်များကို ကျင့်လာခဲ့သော ဘုရားလောင်းသည် သေ

http://www.dhammadownload.com

ခါနီးတွင် ငရဲ၌ဖြစ်စေတတ်သော နိမိတ်ကိုမြင်ရသဖြင့် အကျိုးမရှိသော ထိုအယူကို ထိုခဏ၌ပင် စွန့်လိုက်သည်။ သမ္မာအယူကို ပြောင်းယူလိုက်ရာ နတ်ပြည်သို့ ရောက်ခဲ့ရလေသည်။

ဇာတ်ပေါင်းသော် အာဇီဝကရဟန်းသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

လူမိုက်သည် ဘုရားရှင်၏အနီး၌ ပြုစုလုပ်ကျွေးနေသော်လည်း ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကိုမသိနိုင်၍ ဘုရားကိုစွန့်၍ မိစ္ဆာအယူကိုယူတတ်၏။ သာသနာပြင်ပ မိစ္ဆာအကျင့်သည် ကောင်းကျိုးချမ်းသာမရှိ၊ ဆိုးကျိုးသာရတတ်၏။ သေလွန်သော် ငရဲသို့ကျရောက်တတ်၏။ မိစ္ဆာအကျင့်ကိုရှောင်၍ သမ္မာအကျင့်ကို ကျင့်ထိုက်၏။ မှားမှန်းသိသည်နှင့် တစ်ပြိုင်တည်း ထိုအမှားကို ပယ်စွန့်ရသည် စသောသင်ခန်းစာများ ရရှိပါသည်။

၅-မဟာသုဒဿနဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ကုသိနာရုံပြည်တွင် ပရိနိဗ္ဗာန်ပြုတော်မူရန် ညောင်စောင်းပေါ်၌ ကျိန်းစက်တော်မူစဉ် အရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်အားဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ဤကုသိနာရုံမြို့ငယ်သည် အခက်အလက်နှင့်တူပါသည်။ မြေမှာလည်း မညီညွတ်ပါ။ ထို့ကြောင့် ဤကုသိနာရုံမြို့ငယ်၌ ပရိနိဗ္ဗာန်ပြုတော် မမူပါလင့်၊ စမ္ပာနဂို၊ ရာဇဂြိုဟ်၊ သာဝတ္ထိစသောမြို့ကြီးများတွင်သာ ပရိနိဗ္ဗာန်ပြုတော်မူပါလော့ဟု လျှောက်ထားတောင်းပန်လေသည်။ ထိုအခါ မြတ်စွာဘုရားက ဤမြို့၏တစ်ချိန် တစ်ခါက ကြီးကျယ်ခဲ့ပုံကို သိတော်မူလေသဖြင့် ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်းသည် မဟာသုဒဿနစကြာမင်း ဖြစ်ခဲ့စဉ်ကာလက နန်းတော်မှဆင်း၍ ထန်းတောထဲတွင် ခင်းထားသော ရတနာခုနစ်ပါးဖြင့်ပြီးသော

http://www.dhammadownload.com

ညောင်စောင်းပေါ်၌ မထသောအိပ်ခြင်းဖြင့် အိပ်နေသည်။ ထိုအချိန်တွင် သုဘဒ္ဒါ မိဖုရားကြီး ရောက်လာပြီး 'အရှင်မင်းကြီး ကုသဝတီရာဇဌာနီအမှူးရှိသော ရှစ်သောင်းလေးထောင်သောမြို့တို့သည် ရှင်မင်းကြီး၏ဥစ္စာများပင်တည်း။ ယင်းမြို့တို့၌ ချစ်ခင်တွယ်တာစိတ် ထားတော်မူပါလော့'ဟု လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးက 'ရှင်မိဖုရား ဤသို့ မဆိုလင့်၊ ထိုမြို့များပေါ်၌ ငြိတွယ်စိတ်မထားရန်သာ ဆုံးမလော့၊ ငါသည် ယနေ့ စုတေခြင်းပြုတော့အံ့'ဟု ဆိုလေသည်။

ထိုစကားကြောင့် မိဖုရားကြီးနှင့်တကွ ပရိသတ်အားလုံးတို့သည် သည်းထန်စွာ ငိုကြွေးကြလေသည်။ သည်တွင် မင်းကြီးက 'သင်တို့မငိုကြလင့်၊ နှမ်းစေ့ပမာဏမျှသာရှိသော သခ်ါရသဘောတရားသည်လည်း မြဲသည်မရှိ။ ခပ်သိမ်းသော သခ်ါရတို့သည် ပျက်စီးတတ်သောသဘောရှိသည်သာတည်း။ ထို့ကြောင့် သင်တို့သည် အလျှုပေးကြ၊ သီလဆောက်တည်ကြ၊ ဥပုသ်စောင့်သုံးကြ'ဟု ဆုံးမတော်မူပြီး စုတေစိတ်ကျသွားရာ နတ်ပြည်သို့ ရောက်လေသည်။

ဇာတ်ပေါင်းသော် သုဘဒ္ဒါမိဖုရားသည် ရာဟုလာမယ်တော်၊ သားရတနာသည် ရာဟုလာ၊ စကြာမင်း၏ ပရိသတ်သည် ဗုဒ္ဓ၏ပရိသတ်၊ မဟာသုဒဿနစကြာမင်းသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ဘုရားရှင်တို့မည်သည် အဂ္ဂသာဝကကြီးနှစ်ပါးအစုံ ပရိနိဗ္ဗာန်ပြုပြီးမှသာ ပရိနိဗ္ဗာန် ပြုတော်မူလေ့ရှိ၏။ အလွန်ကြီးကျယ်ခမ်းနားသော မြို့ကြီးဖြစ်သော်လည်း အချိန်ကာလကြာသော် သေးနုပ်သောမြို့ငယ်အဖြစ်သို့ ရောက်တတ်၏။ လေးကျွန်းသနင်း စကြာမင်းကြီးသည်လည်း မင်းစည်းစိမ်ကိုစွန့်၍ သေဆုံးရ၏။ သခ်ါရတရားတို့သည် မမြဲတတ်သော သဘောရှိသဖြင့် ကြီးကျယ်ခမ်းနားသော်လည်း တစ်နေ့တွင် ပျက်သုဉ်းရသည်သာဖြစ်၏။ နိဗ္ဗာန်သည်သာ ချမ်းသာအစစ်အမှန်ဖြစ်၏ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၆-တေလပတ္တဇာတ်အကျဉ်းချုပ်

ဆီတစ်စက်ဖိတ်က လည်ကိုဖြတ်အံ့ဟု ဓားမိုးလျက် အလိုက်ခံရသော ယောက်ျားသည် အချောအလှကချေသည်ကို မကြည့်ပဲ ဆီခွက်ကိုသာ ဂရုစိုက်ကြည့်ရှု၍ သွားရဘီသကဲ့သို့ ထို့အတူ ဆံပင်၊ အမွှေး၊ ခြေသည်း၊ လက်သည်း၊ စသည်ကို ဂရုတစိုက်ကြည့်ရှုပွားများနေကြရန် ဘုရားရှင်က ရဟန်းများကို မိန့်ကြားတော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ထိုမင်း၏သားတော်ပေါင်းတစ်ရာတို့တွင် အငယ်ဆုံးဖြစ်လေသည်။ တစ်နေ့တွင် ဘုရားလောင်းသည် သူ့အနေနှင့် ထီးနန်းကို ဆက်ပိုင်ခွင့်ရှိမရှိ နန်းတွင်းသို့ ဆွမ်းစားကြွလာကြသော ပစ္စေကဗုဒ္ဓါများအား မေးလျှောက်သည်။ ထိုအခါ ပစ္စေကဗုဒ္ဓါများက 'ဆက်ခံနိုင်စွမ်း မရှိ၊ ဤမှ ယူဇနာတစ်ရာ့နှစ်ဆယ် ဝေးကွာသော တက္ကသိုလ်ပြည်သို့ သွားနိုင်လျှင်မူ ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့တွင် မင်းဖြစ်လိမ့်သည်။ ခရီးအကြားရှိ တောအုပ်ထဲမှ ဘီလူးမများသည် ရောက်လာသူများကို အာရုံငါးပါးဖြင့် ညှို့ငင်၍ ဖမ်းယူစားသောက်ကြသဖြင့် အန္တရာယ်ရှိသည်'ဟု မိန့်ကြားသည်။

ထိုအခါ ဘုရားလောင်းက 'အရှင်ဘုရားတို့ အကျွန်ုပ်သည် ဘီလူးမများကို မကြည့်ပဲ သွားပါအံ့'ဟု ဆို၍ ပစ္စေကဗုဒ္ဓါများထံမှ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ရေများကို ယူပြီးလျှင် တက္ကသိုလ်ပြည်သို့ ထွက်လာခဲ့သည်။ သူနှင့်အတူ အခြားသူငယ်ချင်းငါးယောက်တို့လည်း လိုက်ပါလာခဲ့ကြသည်။ သူတို့တောအုပ်ထဲသို့ ဝင်မိကြသည်ဆိုလျှင်ပင် နတ်မိမယ်တမျှ လှပအောင် ဖန်ဆင်းထားသော ဘီလူးမတစ်သိုက်နှင့် တွေ့ကြရသည်။ ဤတွင် ရူပါရုံကို တပ်မက်နှစ်သက်သော သူတစ်ယောက်သည် နောက်ချန်၍နေရစ်ခဲ့၏။ သည်နည်းတူပင် သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ဖြင့် ဖြားယောင်းသောအခါများတွင်လည်း တစ်ယောက်စီ

http://www.dhammadownload.com

တစ်ယောက်စီ နောက်ချန်၍နေရစ်ခဲ့ကြသဖြင့် လိုက်ပါလာကြသူ ငါးယောက်လုံးသည် ဘီလူးမတို့၏အစာဖြစ်ခဲ့ကြလေသည်။ ဘုရားလောင်းတစ်ဦးသာ အသက်ရှင်၍ ကျန်နေတော့သည်။

ထိုအခါ ဘီလူးမတစ်ယောက်က 'ဤယောက်ျားသည် အလွန်ပညာတတ်သည်။ ငါသည် ဤယောက်ျားကို စားရမှသာလျှင်ပြန်မည်'ဟု နှလုံးသွင်း၍ ဘုရားလောင်း၏နောက်မှ လိုက်လာခဲ့၏။ တက္ကသိုလ်ပြည်သို့ရောက်သောအခါ ဘုရားလောင်းသည် မြို့ဝဇရပ်ပေါ်တွင် တည်းခိုသည်။ ဘီလူးမကလည်း မိမိကိုယ်ကို နတ်မိမယ်တမျှ လှပအောင်ဖန်ဆင်း၍ ဇရပ်တံခါးဝတွင် နေလေသည်။

ထိုအခါ တက္ကသိုလ်ပြည်မှ မင်းကြီးသည် ဥယျာဉ်သို့ထွက်တော်မူလာရာ ထိုမိန်းမကို မြင်တွေ့ရ၍ တပ်စွန်းစိတ်ဝင်မိသည်။ ထို့ကြောင့် လင်ရှိ မရှိ စုံစမ်းစေ၏။ ဘီလူးမက ဇရပ်ပေါ်က ယောက်ျားသည် သူ့လင်ဖြစ်သည်ဟု ဆိုသည်။ ဘုရားလောင်းက မဟုတ်ရပါကြောင်း ငြင်းပယ်သဖြင့် မင်းကြီးသည် ထိုမိန်းမကို နန်းတွင်းသို့ခေါ်ဆောင်၍ မိဖုရားအရာ၌ ထားလိုက်လေသည်။

ညဉ့်သန်းခေါင်ယံသို့ ရောက်သည်တွင် ဘီလူးမသည် ဘီလူးမျှားစွာတို့ကို ခေါ်ယူလာခဲ့ပြီး မင်းကြီးနှင့်တကွ နန်းတွင်းရှိလူများအားလုံးကို စားကြလေတော့သည်။ နံနက်မိုးလင်းချိန်တွင် နန်းတော်တံခါး မဖွင့်သည်ကို တွေ့ရ၍ ပြည်သူများသည် တံခါးကို ရိုက်ချိုးလျက် နန်းတွင်းသို့ဝင်ကြသည်။ ထိုအခါ နန်းတော်တစ်ခုလုံး အရိုးတိုဖြင့် ပြန့်ကျဲလျက်ရှိသည်ကို တွေ့ကြရလေသည်။ ဤတွင် ပြည်သူများသည် မင်းကြီး ကောက်ယူတော်မူသောမိန်းမသည် လူသားမဟုတ်၊ ဘီလူးမဖြစ်သည်'ဟု ဆိုသော ယောက်ျားသည် ပညာရှိဖြစ်သည်။ ထိုသူ့ကို မင်းအဖြစ် တင်မြှောက်ကြစို့ဟု ဆိုပြီးလျှင် ဘုရားလောင်းအား မင်းအဖြစ် တင်မြှောက်လိုက်ကြလေတော့သည်။

ဇာတ်ပေါင်းသော် တက္ကသိုလ်မင်း၏ ပရိသတ်သည် ဗုဒ္ဓ၏ ပရိသတ်၊ ညီထွေးမင်းသားသည် ဘုရားဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

ကာယဂတာသတိဘာဝနာကို ပွားများလိုသောရဟန်းသည် မမေ့မလျော့ သတိကြီးစွာဖြင့် ပွားများသင့်၏။ ကာမဂုဏ်ငါးပါးကို လိုက်စားလျှင် ဘေးတွေ့မည်။ ကာမဂုဏ် မလိုက်စားသူသည် အသက်ရှည်တတ်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၇-နာမသိဒ္ဓိဇာတ်အကျဉ်းချုပ်

နာမည် မကောင်းသဖြင့် နာမည်ပြောင်းလိုသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီး ဖြစ်ခဲ့စဉ် သူ့ထံ ပညာသင် တပည့်များထဲတွင် 'ငယုတ်မာ'ဟူသော တပည့်တစ်ယောက်ရှိခဲ့သည်။ ငယုတ်မာသည် မိမိ၏အမည်ကို သဘောမကျသဖြင့် မင်္ဂလာရှိသော အမည်သစ်တစ်ခု ပြောင်းပေးစေလိုကြောင်း ဆရာကြီးကို လျှောက်ထားသည်။ ဤတွင်ဆရာကြီးက 'အမောင် နှစ်သက်သော အမည်ကောင်း တစ်ခုခုကို နယ်လှည့်၍ ရှာဖွေချေ'ဟု စေလွှတ်လိုက်သည်။

ငယုတ်မာသည် တစ်ရွာဝင်တစ်ရွာထွက် အမည်ကောင်းရှာဖွေရန် ခရီးထွက်လာခဲ့ရာ မြို့တစ်မြို့သို့ ရောက်လာခဲ့၏။ ထိုမြို့တွင် 'ဖိုးသက်ရှည်' အမည်ရှိသော ယောက်ျားတစ်ယောက် သေဆုံးသည်ကို တွေ့ခဲ့ရသည်။ မြို့တွင်းသို့ ဆက်လာခဲ့ရာ တစ်နေရာ၌ ကြွေးမြီမပေးဆပ်နိုင်သော 'သူဌေးမ' အမည်ရှိသည့် ကျွန်မကို အိမ်ရှင်များက ရိုက်နှက်နေကြသည်ကို တွေ့ရပြန်သည်။ မြို့ပြင်ဘက်သို့ ထွက်လာခဲ့ရာ သူသည် မျက်စိလည်လမ်းမှားနေသည့် 'မောင်လမ်းသိ' နှင့် ဆုံတွေ့ရသည်။ ထိုအခါ သူသည် ဖိုးသက်ရှည်လည်း တကယ်တော့ အသက်မရှည်၊ သူဌေးမလည်း ကြွေးထူနေသည်။ မောင်လမ်းသိလည်း လမ်းမှားနေသည်။

http://www.dhammadownload.com

အမည်ဆိုသည်မှာ စွမ်းရည်နှင့်မဆိုင်၊ အခေါ်အဝေါ်မျှသာဖြစ်သည်။ ငါသည် အမည်မပြောင်းလိုတော့။ 'ငယုတ်မာ 'အဖြစ်ဖြင့်ပင် နေတော့မည်ဟု' စဉ်းစားကာ ဆရာ့ထံ ပြန်လာတော့သည်။

ဇာတ်ပေါင်းသော် အမည်ပြောင်းလိုသူ လူငယ်သည် အမည်ပြောင်းလိုသူ ရဟန်း၊ ဒိသာပါမောက္ခဆရာသည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

လူတို့၏ အမည်နာမသည် ခေါ်ပြောစရာ ပညတ်မျှသာဖြစ်၏၊ စွမ်းရည်နှင့်မဆိုင်။ အမည်ကိုကြည့်ပြီး အကောင်းအဆိုး မခွဲခြားနိုင်။ အမည်နာမဖြင့် အကျိုးကျေးဇူး ဖြစ်ထွန်းခြင်းလည်းမရှိ၊ အလုပ်လုပ်မှသာလျှင် အကျိုးပြီးစီးနိုင်၏။ စသော သင်ခန်းစာများရရှိပါသည်။

၈-ကူဌဝါဏိဇဇာတ်အကျဉ်းချုပ်

သာဝတ္ထိမြို့တော်မှ မရိုးဖြောင့်သောကုန်သည်တစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ပဏ္ဍိတ ဆိုသူနှင့် အတိပဏ္ဍိတ ဆိုသူတို့သည် အရင်းတူပူးပေါင်း၍ အရောင်းအဝယ်ပြုကြသည်။ တစ်ခါတွင် သူတို့နှစ်ယောက်သည် ကျေးရွာဘက်မှ ရောင်းဝယ်၍ ပြန်အလာ၌ အမြတ်ခွဲဝေကြရာ အတိပဏ္ဍိတက 'ငါသည် နှစ်စုရထိုက်သည်၊ သင်ကား တစ်စုသာရထိုက်သည်' ဟု ဆိုသည်။ ပဏ္ဍိတက အကျိုးအကြောင်း မေးသောအခါ သူက 'သင်သည် ပဏ္ဍိတမျှသာ ဖြစ်သည်၊ ငါကား အတိပဏ္ဍိတဖြစ်သည်။ ထို့ကြောင့် ငါသည် နှစ်စုရထိုက်သည်'ဟု ဆိုသည်။ ပဏ္ဍိတက မပေးနိုင်ဟု ငြင်းဆိုသည်။ နောက်ဆုံးတွင် အတိပဏ္ဍိတက ဖခင်ဖြစ်သူနှင့် တီးတိုးတိုင်ပင်၍

http://www.dhammadownload.com

ဖခင်ဖြစ်သူအား သစ်ခေါင်းတခုထဲတွင် သွင်းပေးထားခဲ့သည်။ ထို့နောက် ရုက္ခစိုးနတ်ထံ အဆုံးအဖြတ်ခံကြရမည်ဟု ပြောသည်။

သစ်ပင်သို့နှစ်ယောက်အတူ ရောက်လာခဲ့ကြရာ အတိပဏ္ဍိတက မည်သူသည် ဝေစုများများ ရထိုက်သည်ကို ရုက္ခစိုးနတ်မင်းက ဆုံးဖြတ်ပေးရန် တိုင်တည်သည်။ ထိုအခါ သစ်ခေါင်းထဲမှ အတိပဏ္ဍိတ၏ဖခင်သည် အသံဖျက်၍ ပဏ္ဍိတသည် တစ်စုသာ ရထိုက်သည်။ အတိပဏ္ဍိတကား နှစ်စုရထိုက်သည်ဟု ရုက္ခစိုးဟန်ဖြင့် ဆုံးဖြတ်ချက်ပြုလေသည်။ ယင်းအသံကို သံသယရှိသောပဏ္ဍိတသည် နတ်ဟုတ် မဟုတ်ကို သိစေရမည်ဟု ဆို၍ သစ်ခေါင်းထဲတွင် ကောက်ရိုးများ သွင်းပြီး မီးရှို့သည်။ ထိုအခါ အတိပဏ္ဍိတ၏ဖခင်သည် ကိုယ်တစ်ဝက် မီးလောင်ဒဏ်ရာဖြင့် အပေါ်ဘက် အပေါက်မှထွက်၍ သစ်ကိုင်းကို ခိုတွဲလျက် ဆင်းလာခဲ့ကာ ပဏ္ဍိတကား ပညာရှိ၏။ အတိပဏ္ဍိတကား မရိုးဖြောင့်သူဖြစ်သည်ဟု လူအပေါင်းအား ပြောကြားလေသည်။ ထို့နောက် ကုန်သည်နှစ်ဦးတို့သည် ရသမျှ ဥစ္စာကို အညီအမျှ ခွဲဝေယူကြရကုန်သည်။

ဇာတ်ပေါင်းသော် ယခင်က စဉ်းလဲသော ကုန်သည်သည် ယခုစဉ်းလဲသောကုန်သည်၊ ပညာရှိကုန်သည်သည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ကောက်ကျစ်သူသည် သူတစ်ပါးဥစ္စာကိုရခြင်းငှါ နည်းအမျိုးမျိုးဖြင့် ကြိုးစည်တတ်ကြ၏။ ကောက်ကျစ်သူကို အနုနည်းဖြင့် ပြောဆို၍မရနိုင်။ အကြမ်းနည်းအားဖြင့် ပြောဆိုပြုလုပ်မှသာရနိုင်၏။ တစ်ဦးအပေါ်တစ်ဦး လိမ်လည်လှည့်ပတ်ခြင်းသည် ကောင်းသောအလုပ်မဟုတ်ပေ။ လူမိုက်သည် ပညာရှိကို လှည့်စား၍မရနိုင်ပါ။ သူတစ်ပါးအား အကောက်ကြေလျှင် ကိုယ်သာ ဘေးဒဏ်သင့်တတ်သည်။ မရိုးသားလျှင် မကောင်းကျိုး ခံရတတ်သည်။ စသော သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၉-ပရောသဟာသဇာတ်အကျဉ်းချုပ်

တာဝတိံသာမှဆင်း၍ သင်္ကဿနဂိုရ်မြို့တံခါးသို့အရောက်တွင် အကျဉ်းအားဖြင့် ဘုရားရှင်ဟောကြားထားသော ဒေသနာတော်ကို အကျယ်ချဲ့၍ ဟောကြားနိုင်သော အရှင်သာရိပုတ္တရာ၏ဉာဏ်ပညာကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် စျာန်ရရသေ့ကြီးအဖြစ်ဖြင့် တပည့်ရသေ့ငါးရာတို့နှင့်အတူ ဟိမဝန္တာတွင် နေလေ၏။ တစ်နေ့၌ တပည့်ကြီးဖြစ်သော ရသေ့သည် ရသေ့တစ်ဝက် ခေါ်ယူ၍ ချဉ်၊ ဆားမှီဝဲရန် လူနေရပ်ရွာသို့ ထွက်သွား၏။ ထိုအချိန်တွင် ဆရာရသေ့ကြီး စုတေလေရာ စုတေခါနီးတွင် တပည့်ရသေ့များက ဆရာသည် အဘယ်တရားထူးများ ရခဲ့ပါသနည်းဟု မေးကြ၏။ ဆရာရသေ့ကြီးသည် 'နတ္ထိ ကိဉ္စိ'ဟုပြောခဲ့ပြီးနောက် 'အာဘာသရဗြဟ္မာ့ဘုံသို့ ရောက်သွားခဲ့သည်။ တပည့်ရသေ့များသည် ဆရာကြီး၏ စကားကို နားမလည်ကြ၍ 'ဆရာသည် တရာထူးမရခဲ့'ဟု ထင်မှတ်ကြသည်။ ထို့ကြောင့် အလောင်းကို တစ်စုံတစ်ရာ ပူဇော်သက္ကာရမပြုပဲ နေခဲ့ကြလေသည်။

တပည့်ရသေ့ကြီး ပြန်ရောက်လာသောအခါ ဆရာပြောသွားခဲ့သော စကားကို တစ်ဆင့်ကြားသိရသည်တွင် တပည့်ကြီးက 'ဆရာပြောသွားခဲ့သော နတ္ထိ ကိဉ္စိ ဆိုသည်မှာ အခြားမဟုတ်၊ အာကိဉ္စညာယတနသမာပတ်ကိုရကြောင်း ပြောသွားခဲ့ခြင်းဖြစ်သည်'ဟု ရှင်းပြသည်။ ထိုအကြောင်းကိုသိသော ဗြဟ္မာ့ပြည် ရောက် ဘုရားလောင်းသည် ဗြဟ္မာ့ဘုံမှ ဆင်းလာပြီးလျှင် ရသေ့တို့၏ ကျောင်းခေါင်မိုးပေါ်မှ ကောင်းကင်ပြင်တွင်ရပ်၍ တပည့်ကြီး၏ပညာအာနုဘော်ကို ချီးမွမ်းစကားဆိုလေသည်။ ထိုအခါတွင် တပည့်ရသေ့များသည် တပည့်ကြီး စကားမှန်ကန်ကြောင်းကို နားလည်ကြရလေတော့သည်။

ဇာတ်ပေါင်းသော် တပည့်ရသေ့သည် အရှင်သာရိပုတ္တရာ၊ မဟာဗြဟ္မာသည် ဘုရားဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

ပညာရှိဆရာသမား၏ ပြောစကားကို ပညာမဲ့တပည့်တို့က နားမလည်နိုင်၊ ပညာရှိတပည့်တို့သည်သာ သိနိုင်၏။ ဘုရားလောင်းတို့မည်သည် မဖြစ်သင့်မဖြစ်ထိုက်သော ဘုံဌာန အရှုပဘုံ၌ ဖြစ်လေ့မရှိ၊ ပညာရှိယောက်ျားတစ်ယောက်သည် ပညာမဲ့ယောက်ျား တစ်ထောင်ထက် သာလွန်မွန်မြတ်၏။ ပညာရှိ၏စကားကို ပညာရှိသာ နားလည်သည် ဟူသော သင်ခန်းစာများရရှိပါသည်။

၁၀-အသာတရူပဇာတ်အကျဉ်းချုပ်

ဗုဒ္ဓမြတ်စွာသည် ကုဏ္ဍိယမြို့အနီး တောအုပ်တစ်ခု၌ သီတင်းသုံးတော်မူစဉ် ခုနစ်နှစ်ကိုယ်ဝန်လွယ်၍ ခုနစ်ရက်မွေးဖွားခြင်း ဒုက္ခခံစားခဲ့ရသော ရှင်သီဝလိ၏မယ်တော် သုပ္ပဝါသာနှင့် လာဘ်အရာတွင် ဧတဒဂ်ရရှင်သီဝလိ၏ ဤသို့ ဒုက္ခရောက်ရခြင်း၏အကြောင်းရင်းကို ဖော်ပြတော်မူလိုသဖြင့် ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးအမည်ဖြင့် ဘုရားလောင်းမင်းပြုစဉ် ကောသလမင်းသည် ဗာရာဏသီကိုလာ၍ တိုက်ခိုက်သည်။ မင်းကို သတ်၍ ထီးနန်းနှင့်တကွ မိဖုရားကြီးကိုပါ သိမ်းပိုက်သွားခဲ့သည်။ သားတော်သည် ရေပြွန်ပေါက်မှ ထွက်ပြေးလွှတ်မြောက်သွားခဲ့သည်။ မင်းသားသည် နောက်ပိုင်းတွင် စစ်သည်အင်အား စုစည်း၍ ထီးနန်းကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရန် ဗာရာဏသီသို့ ပြန်လာသည်။ သူသည် မြို့ပြင်ဘက်တွင် တပ်စခန်းချ၍ စစ်မက်ဖက်ပြိုင်ခြင်း ပြုမည်လော၊ ပြည်ကို ပြန်အပ်မည်လောဟု ကောသလမင်းကြီးထံ ရာဇသံပို့လိုက်သည်။ ကောသလမင်းက စစ်မက်ဖက်ပြိုင်ပြုမည်ဖြစ်ကြောင်း တုံ့ပြန်သောသတင်းကို ကြားရသောမင်းသား၏ မယ်တော်သည် 'စစ်မက်ဖက်ပြိုင်စရာ မလို၊ မြို့တွင်းရှိရိက္ခာများကုန်ခန်းသွားသည်အထိ မြို့ကို ပိတ်ဆို့ထားက စစ်မပြုပဲ မြို့ကို ရလိမ့်မည်'ဟု သားတော်ထံ အမှာစာပို့လိုက်သည်။

http://www.dhammadownload.com

သားတော်သည် မယ်တော်၏ညွှန်ကြားချက်အတိုင်း ဗာရာဏသီမြို့ကို ပိတ်ဆို့ထားလိုက်ရာ ပြည်သူတို့သည် အကျပ်အတည်းမျိုးစုံဖြင့် ကြုံတွေ့ကြရကုန်၏။ ဤတွင် သည်းမခံနိုင်သော ပြည်သူများသည် ခုနစ်ရက်မြောက်သောနေ့၌ ကောသလမင်း၏ခေါင်းကိုဖြတ်၍ မင်းသားထံ ပေးအပ်လိုက်ကြတော့သည်။ ဤကဲ့၏သတ္တိကြောင့် သီဝလိမင်းသားသည် ခုနစ်နှစ်တိုင် အမိဝမ်းထဲနေခဲ့ရ၍ ခုနစ်ရက်ပတ်လုံး ယောနိုဝမ္မေးလမ်းကြောင်း၌ ဆင်းရဲခံခဲ့ရခြင်းဖြစ်သည်။

ထိုသီဝလိသည် ပဒုမုတ္တရာဘုရားရှင်၏ခြေတော်ရင်း၌ အလှူကြီးပေးလှူ၍ လာဘ်လာဘပေါများကုန်သော သာဝကတို့တွင် မြတ်သောသာဝက ဖြစ်ပါစေသတည်းဟု ပန်ဖူးခဲ့သောဆုထူးကြောင့်ဌင်း ဝိပဿီဘုရားရှင်လက်ထက်၌ အဖိုးတစ်သိန်းထိုက်တန်သော နွေခမ်းခဲကို လှူဒါန်း၍ ဆုတောင်းခဲ့ဖူးသောကြောင့်ဌင်း၊ လာဘ်လာဘပေါများသူတို့တွင် ဧတဒဂ်ရသာဝက ဖြစ်လာသည်။

သုပ္ပဝါသာမင်းသမီးသည် သားတော်အား မြို့ကို ပိတ်ဆို့ထားရန် အကြံပြုခဲ့ခြင်းကြောင့် ခုနစ်နှစ်ပတ်လုံး သန္ဓေသားကို လွယ်ပိုးထားခဲ့ရလေသည်။ ခုနစ်ရက်တိုင်လည်း ပင်ပန်းကြီးစွာ မွေးဖွားခဲ့ရလေသည်။

ဇာတ်ပေါင်းသော် ဗာရာဏသီကို ပိတ်ဆို့ခဲ့သော မင်းသားသည် ရှင်သီဝလိ၊ မင်းသား၏မယ်တော်သည် သုပ္ပဝါသာမင်းသမီး၊ ခမည်းတော်ဘုရင်သည် ဘုရားဖြစ်လာသည်။

သင်ခန်းစာ

ဝေဒနာပြင်းစွာ ခံစားရသောအခါ၌ ရတနာသုံးပါးဂုဏ်တော်ကို အဖန်ဖန် အောက်မေ့နေလျှင် ဝေဒနာသက်သာ၏။ စိတ်တူကိုယ်တူ မကောင်းမှုပြုကထပ်တူထပ်မျှ မကောင်းကျိုး ခံစားရ၏။ ကောင်းမှုပြုလျှင် ကောင်းကျိုးရ၍ မကောင်းမှုကံသည် မကောင်းကျိုးကိုသာ ရစေသည် ဟူသော သင်ခန်းစာများ ရရှိပါသည်။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com

"ထွက်ရိုးပြီးစာအုပ်များ"

၁။ ဒွေမာတိကာပါဠိ
၂။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ
၃။ ကစ္စည်းသဒ္ဒါကြီး
၄။ အဘိဓာန်
၅။ အလင်္ကာဆန်းပါဠိ
၆။ ဋီကာကျော်ပါဠိ
၇။ ပါရာဇိကကဏ္ဍအဋ္ဌကထာ
၈။ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ
၉။ အဋ္ဌသာလိနီအဋ္ဌကထာ
၁၀။ ပါရာဇိကပါဠိ
၁၁။ သီလက္ခန္ဓဝဂ္ဂပါဠိ
၁၂။ ဓမ္မသင်္ဂဏီပါဠိ
၁၃။ ပါရာဇိကဏ်ပုစ္ဆာပေါင်းချုပ်
၁၄။ သီလက္ခန်ပုစ္ဆာပေါင်းချုပ်
၁၅။ အဋ္ဌသာလိနီပုစ္ဆာပေါင်းချုပ်
၁၆။ ဓမ္မပဒအဋ္ဌကထာ (၀-တွဲ)
၁၇။ ပရိတ် (၄)မျိုးတွဲ

http://www.dhammadownload.com